ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ စနေနေ့ (11-6-2011) (၆၇၈၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အဆိုပြုကိစ္စရပ်များကို နှစ်နိုင်ငံအကျိုးစီးပွားနှင့် ပြည်တွင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုလုပ်ကိုင်ခွင့်ပြုမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်လာခြင်းဖြင့် အလားအလာကောင်းများကို ပိုမိုရရှိစေမည်ဖြစ်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai

နေပြည်တော်   ဇွန်   ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲဖွင့်ပွဲသို့ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စီးပွားရေးကဏ္ဍစုံမှ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

၁၁ - ၆ - ၂၀၁၁
(စနေနေ့)

ကျေးလက်စီးပွားဖွံ့ဖြိုးမှ ပညာတိုးတက်မည်

နိုင်ငံ၏ လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသည်။ တိုင်းပြည်၏ အဓိကကုန်ထုတ်စွမ်းအားစုကြီး ဖြစ်သည်။ ကျေးလက်ဒေသကုန်ထုတ်လုပ်ငန်းများ တိုးတက်မှု၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုတို့သည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကြီးမားသောအခန်းကဏ္ဍက ပါဝင်နေသည်။

တောင်သူလယ်သမားများနှင့် အလုပ်သမားများသည် အခြေခံလူတန်းစားများဖြစ်ရာ အခြေခံလူတန်းစားများ လူမှုဘဝမြင့်မားလာမှုနှင့်အတူ တိုင်းပြည်၏ ဂုဏ်သိက္ခာလည်း မြင့်တက်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်ရရှိရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို အလေးထားဖော်ဆောင်လျက်ရှိသည်။

အဆိုပါလုပ်ငန်းစဉ်များတွင် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည် လုပ်ငန်းစဉ်တစ်ခုအဖြစ် ပါဝင်သည်။ ကျေးလက်ဒေသ ပညာရေး၊ ကျန်းမာရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးများ ပါဝင်သည်။နိုင်ငံတစ်ဝန်း ဆည်တမံများတည်ဆောက်ပေးလျက်ရှိရာ အချို့သော မိုးကောင်းရေဝင် စိုက်ပျိုးရေးဒေသများသည်ပင် စိုက်ပျိုးရေလုံလောက်စွာ ရရှိနေသည့် အဆင့်မြင့်စိုက်ပျိုးရေးဒေသအဖြစ်သို့ ရောက်ရှိလာကြပေပြီ။

တစ်ဧကအထွက်နှုန်းကောင်း၊ သီးနှံမျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် ဈေးကွက်ဝင် အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ် ဝင်ငွေတိုးတက် ရရှိကြပေမည်။ သီးနှံအလိုက် အထွက်တိုးရေး စိုက်ပျိုးရေးနည်းစနစ် အသိပညာပေးခြင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ထွန်ယက်ကိရိယာ၊ စိုက်ပျိုးစရိတ်စသည့် သွင်းအားစုများ ပြည့်ပြည့်ဝဝ ဖြန့်ဖြူးဖြည့်ဆည်းပေးကြရန်လည်း လိုအပ်သည်။

တစ်ဖက်မှ လယ်ယာစီးပွားလုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းကူညီလျက်ရှိသကဲ့သို့ ကျေးလက်ဒေသ၏ ပညာရေးတိုးတက်မှု၊ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားမှုတို့ကိုလည်း စီမံဖန်တီးပေးလျက်ရှိသည်ကို တွေ့ရသည်။ သာဓကအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်း အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများစွာကို ဖွင့်လှစ်ပေးနိုင်မှုနှင့်အတူ ကျေးလက်လူငယ်များ၏ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက်ကောင်းမွန်နေသည်ကို တွေ့ရသည်။

ပညာရေးစေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက နိုင်ငံတော်အစိုးရနှင့်အတူ အလှူငွေများ၊ ကျောင်းသုံးစာအုပ်များ လှူဒါန်းလျက်ရှိသည်။ အဆိုပါ လှူဒါန်းငွေများဖြင့် တိုးချဲ့ကျောင်းဆောင်သစ်များ ဆောက်လုပ်ရေး၊ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ကျန်းမာရေးပတ်ဝန်းကျင်ကောင်းများ ပြည့်စုံစေရေး၊ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရေး ဖန်တီးဖော်ဆောင်နေကြပေပြီ။ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူလယ်သမားများ၏ လယ်ယာစီးပွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကျေးလက်ဒေသပညာရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သုံးသပ်မိပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၆-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	ဓမ္မပူဇာတေး
၇း၂၅	၄။	မျိုးချစ်တပ်မတော်
၇း၃၀	၅။	မြန်မာ့ရှုခင်း
၇း၄၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၁၀	၁။	နိုင်ငံတော်သီချင်း
၁၁း၁၅	၂။	အဖွင့်သီချင်း
၁၁း၂၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် -ဘေ့စ်ဘောကြယ်ပွင့်များ (အပိုင်း-၁၁)
၁၂း၀၀	၅။	**ရုပ်မြင်သံကြားဇာတ်လမ်း -ကျွန်တော်ချစ်သော မြကျေးတမာ (နေတိုး၊ အိန္ဒြာကျော်ဇင်နှင့် သရုပ်ဆောင်များ) -ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)**
၁း၃၀	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၇၄)**

ညပိုင်း

၄း၀၇	၁။	နိုင်ငံတော်သီချင်း
၄း၁၀	၂။	အဖွင့်သီချင်း
၄း၁၅	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၆။	ဇာတ်လမ်းတို
၄း၄၀	၇။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀	၈။	ကုန်သွယ်သုတ
၅း၁၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၀။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၁၅	၁၃။	လျှပ်တစ်ပြက်
၆း၂၀	၁၄။	စားဖိုဆောင်ချစ်သူ
၆း၄၀	၁၅။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၁၈)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	လူ့ရွှင်တော်စတား
	၂၂။	အင်္ဂလိပ်စာသုတ
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၂၃)**
	၂၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၆၀)**

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇွန် ၁၀

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၉ ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့မှ ညောင်ဦးမြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြပြီး ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ တန်ခိုးကြီးဘုရားများအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်း ယဉ်ကျေးမှု ပြတိုက်နှင့် ဦးဘငြိမ်း ယွန်းထည်လုပ်ငန်းတို့ကို ကြည့်ရှုလေ့လာပြီး ညောင်ဦးမြို့မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။ ယင်းနောက် သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ ပန်းခွေချအလေးပြုကြကာ မရမ်းကုန်းမြို့နယ် ကမ္ဘာအေး နာဂလိုဏ်ဂူ ကလေးဝတောရကျောင်းတိုက်၌ ဆရာတော်၊ သံဃာတော်များအား သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြကာ ညနေပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara နှင့် ဇနီးတို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေး နာဂလိုဏ်ဂူ ကလေးဝတောရကျောင်းတိုက်၌ ဆရာတော်အား သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာတင်လတ်က "Effective Company Stewardship- Enhancing corporate reporting and audit " ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဇွန် ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇွန် ၂၂ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်း (အမှတ်၁/၁၉၊ သခင်မြပန်းခြံလမ်း၊ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၊ ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းပေးသွင်းရမည်ဖြစ်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာသနာရေးစာမေးပွဲများ ကျင်းပမြဲအတိုင်း ကျင်းပမည်

နေပြည်တော် ဇွန် ၁၀

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ် ကျင်းပလျက်ရှိသော ဓမ္မာစရိယစာမေးပွဲ၊ ပထမပြန်စာမေးပွဲ၊ နိကာယ်စာမေးပွဲများကို နှစ်စဉ်ကျင်းပမြဲအတိုင်း ယခုနှစ်တွင် ကျင်းပမည်ဖြစ်ရာ ပထမပြန်စာမေးပွဲ ဘာသာပြန်ကျမ်းစာများကို ပထမကြီးတန်းတွင် ပြဋ္ဌာန်းကျမ်းစာအဖြစ် ဝိသုဒ္ဓိနိပါတ်အစမှ စတ္တာလီသနိပါတ်အဆုံးအထိ (ဇာတ်ပေါင်း ၂၉)၊ ပထမလတ်တန်းတွင် တိကနိပါတ် အဋ္ဌာနုရဝဂ်အစမှ စတုက္ကနိပါတ် ကောကိလဝဂ်အဆုံးအထိ (ဇာတ်ပေါင်း-၆၀)၊ ပထမငယ်တန်းတွင် ဣတ္ထိဝဂ် မုဒုလက္ခဏဇာတ်မှ လိတ္တဝဂ်အဆုံးအထိ (ဇာတ်ပေါင်း-၃၅) တို့ကို ၂၀၁၂ ခုနှစ်မှစ၍ ပြဋ္ဌာန်းလိုက်ကြောင်း သာသနာရေးဦးစီးဌာနက ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ငွေကြေးချို့တဲ့သူများအား အခမဲ့ ဆေးကုသပေးလျက်ရှိ

ရန်ကုန် ဇွန် ၁၀

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံများ၌ ငွေကြေးတတ်နိုင်သူများအတွက် စရိတ်မျှပေး ကျန်းမာရေးစနစ်ကို ကျင့်သုံးပြီး ငွေကြေးချို့တဲ့သူများအား အခမဲ့ဆေးကုသပေးသည့် စနစ်ကို ကျင့်သုံးလျက်ရှိသည်။ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌လည်း အဆိုပါစနစ်ကို ကျင့်သုံးဆောင်ရွက်၍ လူနာများအား ကုသပေးလျက်ရှိသည်။

အဆိုပါစနစ်အရ ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး၌ ၂၀၁၀ ခုနှစ်အတွင်း ငွေကြေးချို့တဲ့သူများအား အခမဲ့ ရောဂါရှာဖွေပေးခဲ့ရာ လူနာပေါင်း ၃၀၀၀ ရှိပြီး ကုန်ကျငွေတန်ဖိုးမှာ ငွေကျပ် ၁၄၄ သိန်းဖြစ်သည်။ ထို့အတူ အခမဲ့ဆေးဝါး အထောက်အပံ့ ပေးခဲ့ရသော လူနာပေါင်းမှာ ၇၀၀ ရှိပြီး အခမဲ့ဆေးဝါး အထောက်အပံ့ ပေးနိုင်ရေးအတွက် ငွေကျပ် ၁၃၆ သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။

(ညွန့်သန်း)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရွာမ အရှေ့ပဏ္ဍိတလမ်းနေ ဦးတင်နှင့် ဇနီး ဒေါ်လှခင်တို့အား ရည်စူး၍ တူ၊ တူမများက ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

စာပေဗိမာန်စာမူဆုပြိုင်ပွဲ (၂၀၁၀)အတွက် ဘာသာပြန်စာမူပြဋ္ဌာန်း

ရန်ကုန် ဇွန် ၁၀

နှစ်စဉ် ကျင်းပလျက်ရှိသော စာပေဗိမာန်စာမူပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ၂၀၁၀ ခုနှစ်အတွက် စာမူများကို ဖိတ်ခေါ်ခဲ့ပြီးဖြစ်သည်။

၂၀၁၀ ခုနှစ်အတွက် ဘာသာပြန်စာမူအဖြစ် V.K.RAO ရေးသားသည့် DISTANCE EDUCATION စာအုပ်မှ "Distance Learning System" နှင့် "Distance Education in University" အခန်းနှစ်ခန်းကို ထုတ်နုတ်၍ ပြဋ္ဌာန်းလိုက်သည်။ အဆိုပါစာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် (၅၂၉-၅၃၁) စာပေဗိမာန် အရောင်းဆိုင်တွင် တန်ဖိုးငွေကျပ်၂၅၀ ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။ ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့်ပုံစံဖြင့် လက်ခံမည်ဖြစ်ပြီး စည်းကမ်းချက်များကို စာပေဗိမာန် စာတည်းဌာနတွင် ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှ မှာယူလိုသူများသည် စာအုပ်တန်ဖိုးအပါအဝင် စုစုပေါင်း ငွေကျပ် ၅၀၀ ကို ငွေပို့လွှာဖြင့် အတွင်းရေးမှူး စာပေဗိမာန် စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဖုန်း-၀၁-၃၇၆၅၆၉ သို့ လိပ်မူ၍ မှာယူနိုင်သည်။

ဘာသာပြန်စာမူကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၀ ရက် နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ရှေးဦးစွာ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုဆွေးနွေးပွဲသည် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များအများစု ပါဝင်တက်ရောက်သည့် ဆွေးနွေးပွဲဖြစ်ပြီး ဒုတိယအကြိမ် ဖြစ်ကြောင်း။

မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်

၂၀၁၀ ခုနှစ် ဧပြီလတွင် ဗီယက်နမ် ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်စဉ် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကို အလေးထားဆောင်ရွက်နိုင်ခဲ့ကာ စီးပွားရေးကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အဆိုပါ ခရီးစဉ်အတွင်း ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးဘဏ်ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခြင်း၊ ဗီယက်နမ်ကုန်စည်ပြပွဲ ကျင်းပခြင်း၊ ရန်ကုန်-ဟနွိုင်း လေကြောင်းလိုင်းအသစ် ဖွင့်လှစ်ခြင်း၊ နှစ်နိုင်ငံစီးပွားရေး တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံစီးပွားရေး ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်စေခဲ့ကြောင်း။

ထို့အပြင် အဆိုပါဆွေးနွေးပွဲများ၏ ကောင်းမွန်သော ရလဒ်များကြောင့် မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များအကြား ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စာချုပ်များ ချုပ်ဆိုလုပ်ကိုင်နိုင်ခဲ့ပြီး ဗီယက်နမ် စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လာခဲ့သည်ကို တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့်အပြင် နှစ်ပေါင်းများစွာကတည်းကပင် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် လည်ပတ်မှုများကြောင့်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုများ ပိုမိုတိုးတက်ခဲ့ကြောင်း၊ အနာဂတ်တွင်လည်း ယခုထက် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြင့်မားလာမည်ဟု ယုံကြည်ကြောင်း။

လက်မှတ်ရေးထိုးပြီးဖြစ်

မြန်မာနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်နေသည့်အားလျော်စွာ ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီလုပ်ငန်းရှင်များအား မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုများကို ယုံကြည်စိတ်ချစွာ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး သဘောတူစာချုပ်ကို ၂၀၀၀ ပြည့်နှစ် မေလတွင် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး နားလည်မှုစာလွှာကို ၂၀၁၀ ပြည့်နှစ် ဧပြီလတွင် လည်းကောင်း အသီးသီး လက်မှတ်ရေးထိုးပြီးလည်း ဖြစ်ကြောင်း။

ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အဆိုပြုကိစ္စရပ်များကို နှစ်နိုင်ငံအကျိုးစီးပွားနှင့် ပြည်တွင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း။

ဆောင်ရွက်လျက်ရှိ

ကုန်သွယ်မှုကဏ္ဍ၌ မြန်မာနိုင်ငံနှင့် ဗီယက်နမ် နှစ်နိုင်ငံအကြား ၁၉၉၄ ခုနှစ် မေလတွင် ကုန်သွယ်ရေး သဘောတူစာချုပ်နှင့် ၂၀၀၂ ခုနှစ် မေလတွင် နှစ်နိုင်ငံ ကုန်သွယ်ရေးပူးတွဲကော်မတီ ထူထောင်ရေး နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးများကို အလှည့်ကျ ကျင်းပပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပမာဏ ပိုမို တိုးမြှင့်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကုန်စည်ပြပွဲများကိုလည်း အပြန်အလှန် ကျင်းပခဲ့ကြခြင်းဖြင့် နှစ်နိုင်ငံဘက်မှ စီးပွားရေး လုပ်ငန်းရှင်များအချင်းချင်း ချိတ်ဆက်မိပြီး နှစ်နိုင်ငံ ထုတ်ကုန်များကိုလည်း အပြန်အလှန် သိရှိကျွမ်းဝင်စေနိုင်ခဲ့ကြောင်း။

နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်းအားဖြင့် နှစ်ဖက်ကုန်သည်များ အချင်းချင်း ရင်းနှီးမှုများရရှိလာပြီး နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်မည့် အလားအလာကောင်းများ ပိုမိုရရှိလာလျက်ရှိကြောင်း။

မိမိတို့နှစ်နိုင်ငံသည် ၂၀၀၉ ခုနှစ် ကတည်းက ကဏ္ဍပေါင်းစုံမှနေ၍ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အခွင့်အလမ်းသစ်များ ထပ်မံရရှိရန် ယခုထက်ပို၍ တိုးမြှင့်ဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံလုံးမှ ကြိုးပမ်းသွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

တိုးတက်မည်ဟုယုံကြည်

မိမိတို့နိုင်ငံတွင် အုပ်ချုပ်မှုနှင့် စီးပွားရေးပုံစံများ ပြောင်းလဲလျက်ရှိပြီး နိုင်ငံ၏ စီးပွားရေးသည်လည်း စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ရင်း စက်မှုထွန်းကားရေးကို ကြိုးပမ်းလျက်ရှိကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တွန်းအားများဖြစ်သည့်အလျောက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ရေးအတွက် ခေတ်နှင့်အညီ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ရန် မြန်မာနိုင်ငံ အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများ ပိုမို အကျိုးဖြစ်ထွန်းစေရန်အတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့နှင့် ဆက်နွှယ်နေသည့် ငွေရေးကြေးရေး ဆိုင်ရာကိစ္စများကိုလည်း ပြန်လည်သုံးသပ်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ နောင်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း။

ယခု ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟုန်တရမ်ဟိုင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်သည့် ခရီးစဉ်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်စေရန်လည်းကောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်စေရန် လည်းကောင်း လိုအပ်ချက်များကို ယမန်နေ့က ဆွေးနွေးနိုင်ခဲ့ပြီးဖြစ်သကဲ့သို့ နှစ်နိုင်ငံ သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ အလားတူ စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်ရန် အတွက် အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော စီးပွားရေးသုံးသပ်ဆွေးနွေးပွဲကိုလည်း ယနေ့ပြုလုပ်နိုင်သည့်အတွက် အထူး ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်းကို မှတ်တမ်းတင်ရမည်ဖြစ်ကြောင်း။

ထိုသို့ ဆွေးနွေးနိုင်ခြင်းဖြင့် ယခင်နှစ်တွင် စတင်ဆောင်ရွက်ခဲ့သော လုပ်ငန်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေပြီး နှစ်နိုင်ငံ စီးပွားရေးကဏ္ဍပေါင်းစုံတွင် ပိုမိုတိုးတက်လာစေမည်ဟု ယုံကြည်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုအခမ်းအနားသို့ တက်ရောက်လာသော နှစ်နိုင်ငံအစိုးရတာဝန်ရှိ ပုဂ္ဂိုလ်များအနေဖြင့်လည်း နှစ်နိုင်ငံစီးပွားရေးတိုးတက်စေရန် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ တက်ရောက်လာသည့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များကလည်း နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအဖြေရှာကြပြီး နှစ်နိုင်ငံစီးပွားရေး ပိုမိုတိုးတက်ကောင်းမွန်ဖြစ်ထွန်းရရှိလာစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

မြှင့်တင်နိုင်

ထို့နောက် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai က အမှာစကား ပြောကြားရာ၌ နှစ်နိုင်ငံအစိုးရများနှင့် စီးပွားရေး လုပ်ငန်းရှင်များအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွင် စာချုပ်စာတမ်းများ လက်မှတ်ရေးထိုးနိုင်ခြင်း၊ အထူးသဖြင့် ဗီယက်နမ်လေကြောင်း စတင်နိုင်ခြင်း၊ ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်နိုင်ခြင်းတို့သည် နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေးအတွက် လမ်းကြောင်းများ ဖြစ်စေပါကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေး၊ ခရီးသွားလုပ်ငန်း၊ သတ္တုတူးဖော်ခြင်း၊ အခြေခံအဆောက်အအုံဆောက်လုပ်ခြင်း နယ်ပယ်များတွင် လည်းကောင်း၊ ငွေရေးကြေးရေး၊ ဘဏ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ လေကြောင်းပျံသန်းရေး၊ ဆက်သွယ်ရေးစသော ဝန်ဆောင်မှု လုပ်ငန်းများတွင် လည်းကောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပေးလျက်ရှိပါကြောင်း။

ယင်းတို့သည် ဗီယက်နမ်နိုင်ငံ လုပ်ငန်းရှင်များအတွက် ဆွဲဆောင်မှုရှိသော နယ်ပယ်များဖြစ်ပြီး ယင်းနယ်ပယ်များတွင် ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် အရင်းအနှီး၊ ကမ္ဘာ့ဈေးကွက်တွင် စီမံခန့်ခွဲမှု အတွေ့အကြုံများနှင့် နိုင်ငံတကာ ဖွံ့ဖြိုးမှု မဟာဗျူဟာတို့တွင် စွမ်းပကားများရှိပါကြောင်း။

နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်လာခြင်းဖြင့် အလားအလာကောင်းများကို ပိုမိုရရှိစေမည်ဖြစ်ပါကြောင်း။

နှစ်နိုင်ငံ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုကို များစွာ ကျေနပ်အားရမိပါကြောင်း။

မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံရန် အလားအလာကောင်းများရှိပြီး ဗီယက်နမ်နိုင်ငံအနေဖြင့် ဆက်သွယ်ရေး၊ လေကြောင်းပျံသန်းရေး၊ သဘာဝအရင်းအမြစ်များ တူးဖော်ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှု၊ ငွေရေးကြေးရေး၊ ဘဏ်လုပ်ငန်း၊ လယ်ယာထုတ်ကုန်နှင့် သစ်တောစသည့် ကဏ္ဍများတွင် အင်အားခိုင်မာပါကြောင်း။

ဗီယက်နမ်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံမှ စီးပွားရေး လုပ်ငန်းရှင်များအား ဗီယက်နမ်နိုင်ငံ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် ဖိတ်ခေါ်ပြီး မြန်မာနိုင်ငံတွင်လည်း ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ကိုင်နိုင်ရန်အတွက် အလေးပေး ကူညီပံ့ပိုးပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၀-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၄၄၃၀	၀. ၀၃၂၈၅
တရုတ် (ယွမ်)	၆. ၄၈၁၃၅	၀. ၁၅၄၂၉
အိန္ဒိယ (ရူပီး)	၄၄. ၇၁၀၀	၀. ၀၂၂၃၇
မလေးရှား (ရင်းဂစ်)	၃. ၀၂၁၅၀	၀. ၃၃၀၉၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၄၁၁	၀. ၈၁၀၃၀
ဂျပန် (ယန်း)	၈၀. ၁၈၂၅	၀. ၀၁၂၄၇
တောင်ကိုရီးယား(ဝမ်)	၁၀၈၂. ၅၉	၀. ၀၀၀၉၂
ယူရို	၀. ၆၉၃၉၀	၁. ၄၄၁၁၂
ဗြိတိသျှ (ပေါင်)	၀. ၆၁၅၇၅	၁. ၆၂၄၀၃

အင်တာနက်။

ဘဏ်လုပ်ငန်းဆိုင်ရာ အထောက်အကူပြု သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံရှိ ဘဏ်များ၏ ကွန်ပျူတာစနစ်ကို Ability Software Services Co.,Ltd. မှ Cyber Sky Computer Training Center တွင် ဘဏ်လုပ်ငန်းဆိုင်ရာ အထောက်အကူပြု လက်တွေ့သင်တန်းကို ဩဂုတ်လမှ စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းအမှတ်စဉ်(၉)အား ဇွန်လအတွင်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး English For Banking, Accounting Basis, Bank Account, Computerized Banking စသည့် Course များကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဘဏ်များတွင် အလုပ်ဝင်လိုသော လူငယ်များအနေဖြင့် ဘဏ်လုပ်ငန်း၏ သဘောသဘာဝကို နားလည်သဘောပေါက်ကာ ဘဏ်တွင် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို Actual Debit, Credit, Voucher, Ledger များဖြင့် လက်တွေ့စာရင်းရေးသွင်းခြင်းအပြင် ကွန်ပျူတာနှင့် ဆောင်ရွက်မှုအတွေ့အကြုံပါ ရရှိမည်ဖြစ်သည်။

အသေးစိတ်ထပ်မံသိရှိလိုပါက အမှတ်(၈၉) အနော်ရထာလမ်း(ဆိပ်ကမ်းသာလမ်းထောင့်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၃၈၈၈၀၈၊ ၀၉-၅၀၇၂၃၆၊ ၀၉-၅၁၆၅၇၇၄ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၆-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀ ၇။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၈။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ အတီးပြိုင်ပွဲ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ Local Talent
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၂၀ ၅။ Yan Can Cook
၁၂:၄၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၄၉)**
၁:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁:၃၅ ၈။ "သာယာရွှေပြည်တို့နေပြည်"
၂:၃၀ ၉။ International Science News
၂:၅၀ ၁၀။ International News
၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅ ၁။ Myanmar National League MNL Grand Royal Cup (2011) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဇေယျာရွှေမြေ F.C နှင့် ရတနာပုံ F.C)
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ အလှရှာမယ်လှကမ္ဘာဝယ်
၆:၃၅ ၆။ ယဉ်တစ်ကိုယ်မယ်
၇:၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၁၇)**
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ)(အပိုင်း-၂၁)**
၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်" (အပိုင်း-၁၃)**
၁၃။ ဂီတတံခါးလေးဖွင့်ပါဦး
၁၄။ အစီအစဉ်ပြီး၏။

❒ကျောဖုံးမှ

ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲသို့ ည ၇ နာရီတွင် ရောက်ရှိလာကြရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Mikhail MGELADZE နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများသည် နှစ်နိုင်ငံအလံကို အလေးပြုကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာကြသော ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Mikhail MGELADZE နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ခရီးသွားလုပ်ငန်းပြပွဲနှင့် အစားအစာပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်

နေပြည်တော် ဇွန် ၁၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ် ဦးဆောင်မှုဖြင့် နေပြည်တော် ခရီးသွားလုပ်ငန်းပြပွဲနှင့် အစားအစာပြပွဲ (Nay Pyi Taw Travel Mart & Food Show) ကို ဇူလိုင် ၁ ရက်မှ ၁၃ ရက်အထိ ခင်းကျင်းပြသနိုင်ရေး အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးရုံးအစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက နေပြည်တော်၌ ကျောက်မျက်ရတနာပြပွဲကို သုံးလ တစ်ကြိမ် ကျင်းပလျက်ရှိရာ ကျောက်မျက်ရတနာဝယ်ယူသည့် နိုင်ငံခြားသားများ လာရောက်လျက်ရှိသော ယင်းအချိန်နှင့် တွဲလျက် နေပြည်တော် ခရီးသွားလုပ်ငန်းပြပွဲနှင့်အစားအစာပြပွဲကို ပထမအကြိမ် ခင်းကျင်းပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြပွဲ အောင်မြင်စွာ ခင်းကျင်းပြသနိုင်ရေးအတွက် နေပြည်တော် ဟိုတယ်ဇုန် အပါအဝင် ဟိုတယ်ဇုန် ၁၁ ဇုန်၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေး ကော်မတီနှင့် ထပ်မံဖွဲ့စည်းထားသည့် အသင်း ခုနစ်သင်းတို့မှ ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဟိုတယ်ဇုန်အလိုက်၊ အသင်းအလိုက် ပြခန်းပြသရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးဌေးအောင်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးကာ ဟိုတယ်ဇုန်အလိုက်၊အသင်းများအလိုက် လိုအပ်သည့် ပြခန်း အရေအတွက်ကို ခွဲဝေသတ်မှတ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နေပြည်တော် ခရီးသွားလုပ်ငန်းပြပွဲနှင့် အစားအစာပြပွဲ အဆောက်အအုံ ဆောက်လုပ်မည့် သပြေကုန်းဈေး နေပြည်တော် အငှားယာဉ် ကားရပ်နားကွင်းနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဇမ္ဗူသီရိဟိုတယ်၌ ဖွင့်လှစ်သင်ကြားနေသော ဟိုတယ်ဝန်ဆောင်မှု ဧည့်ကြိုလုပ်ငန်း သင်တန်းနှင့် အမရဟိုတယ်တွင် ဖွင့်လှစ်သင်ကြားနေသော ဟိုတယ်ဝန်ဆောင်မှု အိပ်ခန်းဆောင် ထိန်းသိမ်းရေး သင်တန်းတို့၌ သင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးကိစ္စများ ဆွေးနွေး

နေပြည်တော် ဇွန် ၁၀

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr.Andrew Richard Heyn သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် သစ်တောဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၆-၂၀၁၁ (စနေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အနိစ္စမြင်တိုင်း ဝိပဿနာ မဖြစ်ဘူး" တရားတော်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ"(အပိုင်း-၃၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၈၉)**
- ၈း၅၀ LG 3D Technology in Korea Expo
- ၉း၀၀ Activities In The City
- ၉း၁၅ Appeton Dream Win ကံထူးရှင်ရွေးချယ်ပွဲအခမ်းအနား
- ၉း၂၅ Global Panorama
- ၉း၅၀ နုယဉ်ဆန်းထွင်ပန်းအလှဆင်
- ၁၀း၁၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၀း၃၀ သွားမယ်စားမယ်
- ၁၀း၅၀ MNL Preview
- ၁၁း၂၀ ပန်းချီပြခန်း
- ၁၁း၃၅ ဟိုတယ်လမ်းညွှန်
- ၁၂း၁၀ စာအုပ်စာပေလှူမိတ်ဆွေ
- ၁၂း၃၅ စံတော်ဝင်မြေဇင်းတောရဓမ္မရိပ်သာ
- ၁း၀၀ "အနိစ္စမြင်တိုင်း ဝိပဿနာ မဖြစ်ဘူး" တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Goals of The Week
- ၂း၅၅ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်၍ ပူဇော်ကန်တော့ခဲ့ကြသော. . .
- ၃း၁၀ သာသနာ့အမွေလှူပေးဝေ
- ၃း၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၃း၃၅ ၂၀၁၀ ခုနှစ်အားကစားထူးချွန်ဆု
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၈၉)**
- ၄း၅၅ ပုဂံညောင်ဦးမြို့ရှင်အရဟံ သိမ်တော်ကြီး ရေစကျချအလှူမင်္ဂလာ
- ၅း၂၀ အလှူများနှင့်ပီတိဝေဖြာ မြန်မာစိမ်းလန်းမြေ ပရဟိတဂေဟာ
- ၅း၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Movie Talk
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ"(အပိုင်း-၃၂)**
- ၇း၃၀ ဖက်ရှင်လမ်းညွှန်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Kid's Show
- ၉း၀၀ ပရီးမီးယားလိဂ်ရင်ခုန်သံ
- ၉း၃၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"အနားမညီအချစ်" (အပိုင်း-၉၀)**
- ၁၀း၂၀ နှင်းကွဲချိန်
- ၁၁း၀၅ World of Knowledge
- ၁၁း၅၅ ရေပျော်ငှက်၏ တောင်ပံခတ်သံ
- ၁၂း၁၅ ဒို့တိုင်းဌာနီဧရာဝတီ
- ၁၂း၃၅ သူ့ဘဝသူ့လက်ရာ
- ၁၂း၄၅ အထင်
- ၁း၀၅ စွမ်းအင်တို့ရဲ့နှီးစက်
- ၁း၂၀ အုံ့ဖွယ်လေ့လာအသံတုပညာ
- ၁း၄၅ ဖွံ့ဖြိုးဝေဆာသပြေတန်းရွာ ခြွေလှေ့စက်လက်မှုပညာ
- ၁း၅၀ မင်းကွန်းရိုးရာလက်မှုအနုပညာ
- ၂း၁၀ Omega-3 fatty acids
- ၂း၂၅ မျှော်လင့်ခြင်း၏ အလင်းရောင်သစ်
- ၂း၅၅ အသွင်ပြောင်းစေမည့် Fiber Tech
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ နေပြည်တော်ကမ္ဘောဇဘဏ်နှင့် ဘဏ်ခွဲများ၏ ဝန်ဆောင်မှုလုပ်ငန်းများ
- ၄း၂၅ မဖျိုမဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာ
- ၄း၄၅ ရှေးမူမပျက် ထိန်းသိမ်းဖို့ရာ မြန်မာရွှေချည်ထိုးပညာ
- ၄း၅၀ ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ

မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၀

မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Dang Huy Dong၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်း ပူးပေါင်း ဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နှစ်နိုင်ငံဝန်ကြီးဌာန တာဝန်ရှိသူများနှင့် စီးပွားရေးကဏ္ဍစုံမှ လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေးနှင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆိုင်ရာများကို အပြန်အလှန် ဆွေးနွေးတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ယင်းမာပင်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၀

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၆ ရက် မွန်းလွဲပိုင်းတွင် ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိပြီး ဆေးသိုလှောင်ခန်း၊ သားဖွားခန်းနှင့် စမ်းသပ်ကုသခန်းများအတွင်း ကြည့်ရှုစစ်ဆေးကာ ဆင်းရဲနွမ်းပါးသည့် ကျေးလက်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးရေး အစီအစဉ်များနှင့် နည်းလမ်းများကို အသေးစိတ်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပုလဲမြို့နယ်ခန်းမသို့ ရောက်ရှိကြပြီး မြို့နယ်ခန်းမ(ဓမ္မာရုံ)မွမ်းမံပြင်ဆင်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မြို့အင်္ဂါရပ်နှင့်ညီညွတ်သည့် ခန်းမဖြစ်အောင် နံနက်ပိုင်းက ပေးအပ်လှူဒါန်းခဲ့သော အလှူငွေများဖြင့် သတ်မှတ်ချက်များအတိုင်း စနစ်တကျ ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုလဲမြို့ သမိုင်းဝင် မြသိန်းတန်စေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုပြီး စေတီတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ယင်းမာပင်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ ယင်းမာပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က ယင်းမာပင်မြို့နယ်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်းကော်မတီရှစ်ခု ဖွဲ့စည်းအကောင်အထည်ဖော်နေမှု အခြေအနေများ၊ ကျေးလက်နေပြည်သူများ တစ်ဦးချင်းဘဝ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ထုတ်ကုန်များ ထုတ်လုပ်ရေး စသည်တို့ကို စီမံချက်ဖြင့် တိုးမြှင့်ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး တစ်နိုင်ငံလုံး ဘက်စုံ ကဏ္ဍစုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ် သင်တန်းဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဇွန် ၁၀

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇွန် ၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ ကျင်းပသော အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်း အမှတ်စဉ်(၆/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ြမေတိုင်းနည်းပညာဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၀

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ပထမအကြိမ် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲကို မေ ၁၅ ရက်မှ ၁၆ ရက်အထိ တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး မြေတိုင်းပစ္စည်းများကို ရှင်းလင်းပြသခဲ့ကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြေတိုင်းပုံထုတ်ဆိုင်ရာလုပ်ငန်းများတွင် အသုံးဝင်သည့် V9RTK GPS များ၊ Total Station များ၊ Digital Theodolite များ၊ Tripod,Staff များ၊ Ushikata Survey Compass များနှင့် ဘူမိဗေဒလုပ်ငန်းသုံး Brunton Compass များ၊ Stereo-scope များ၊ လက်ကိုင် Abney hand Level များ၊ လေဆာဖြင့်အကွာအဝေး ဧရိယာထုထည် တိုင်းတာနိုင်သော Distometer အပါအဝင် ရေအနက်ပေတိုင်းတာနိုင်သော Depth Sounder များ၊ လက်ကိုင် PH meter များ၊ Infra Thermometer များ စသည်တို့၏ နည်းပညာများကို လက်တွေ့စမ်းသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပစ္စည်းများနှင့် ပတ်သက်၍ Amigos Int'l Co.Ltd. နှင့် SH-102,SH တိုက်တန်း သစ္စာဥယျာဉ်အိမ်ရာ သစ္စာလမ်း (၈)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ဖုန်း-၀၁-၅၆၄၅၁၇ နှင့် ၀၉-၅၀၂၅၉၇၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဇွန် ၁၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(လေဆိပ်)တွင် ၁ ဒသမ ၁၀ လက်မ၊ အမ်းမြို့တွင် ၇ ဒသမ ၉၅ လက်မ၊ ရေးမြို့တွင် ၆ ဒသမ ၈၉ လက်မ၊ မော်လိုက်မြို့တွင် ၆ ဒသမ ၇၈ လက်မ၊ ဂွမြို့တွင် ၄ ဒသမ ၆၇ လက်မ၊ မြောက်ဦးမြို့တွင် ၄ ဒသမ ၂၃ လက်မ၊ ဟသ်ာတမြို့တွင် ၄ ဒသမ ၁၈ လက်မ၊ သံတောင်ကြီးမြို့တွင် ၄ ဒသမ ၀၆ လက်မ၊ တမူးမြို့နှင့် ငါးသိုင်းချောင်းမြို့တို့တွင် ၄ ဒသမ ၀၂ လက်မစီ၊ ကလေးမြို့တွင် ၃ ဒသမ ၈၂ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၅၀ လက်မနှင့် မိုးညှင်းမြို့တွင် ၃ ဒသမ ၂၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရွာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ ဆက်လက်အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

သုနာပြုတက္ကသိုလ်(ရန်ကုန်) ငွေရတုအထိမ်းအမှတ် အခမ်းအနားကျင်းပမည်

ရန်ကုန် ဇွန် ၁၀

သုနာပြုတက္ကသိုလ်(ရန်ကုန်)၏ (၂၅)နှစ်ပြည့် အခမ်းအနားကို ဇူလိုင် ၁ ရက်မှ ၂ ရက်အထိ သုနာပြုတက္ကသိုလ်(ရန်ကုန်)တွင်ကျင်းပမည်ဖြစ်ရာ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ တာဝန်ထမ်းဆောင်ဆဲနှင့် ထမ်းဆောင်ခဲ့သော ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် တက်ရောက်ဆဲ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများအားလုံး ပါဝင်ဆင်နွှဲနိုင်ကြောင်း၊ တက်ရောက်လိုသူများသည် ဌာနမှူး(စီမံ/ဘဏ္ဍာ) ဖုန်း-၀၁-၂၂၆၆၆၅ သို့လည်းကောင်း ညစာစားပွဲ ဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်လိုသူများ ဤတက္ကသိုလ်၏ မြန်မာစာဌာနသို့ လည်းကောင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

စုဘူးကလေးတွေ ကွဲမသွားအောင်

မောင်အောင် (မွေးကု)

"အေး-ငါ့တူကြီးရောက်လာတာနဲ့ အတော်ပဲကွာ၊ ငါတို့က မင်းကို မျှော်နေတာ။ အခု ဝက်တွေမှာဖြစ်နေတဲ့ ဝက်နားရွက်ပြာရောဂါကို မင်းတို့ဌာနက ဘာတွေလုပ်ပေးနေသလဲ။ ဒီရောဂါက မထိန်းချုပ်နိုင်ဘူးလား"။

အမေ့ရွာသို့ ပညာကဝိ စာကြည့်တိုက်ဖွင့်ပွဲပြီးကတည်းက မရောက်တာ ကြာပြီဖြစ်သော ကျွန်တော့်ကို ဦးကြီးရွှေမောင်က ခရီးရောက်မဆိုက် မေးလာသည်။

"တော့်နှယ်၊ မောင်အောင်ဖြင့် ထိုင်တောင်မထိုင်ရသေးဘူး။ ဇွတ်ကြီး၊ အတင်းကြီး ရှင်မေးချင်တာကိုပဲ မေးနေတယ်"။

ဦးကြီးရွှေမောင်ဇနီး အရီးမှည့်က ဦးကြီး၏စကားကို ဝင်ပြီးဟန့်လိုက်သည်။

"ဟ မမှည့်ရ၊ ကိုယ့်တူမို့ ကိုယ်သိချင်တာ ကိုယ်မေးတာ၊ မမေးရတော့ဘူးလား။ နောက်ပြီး အခုအချိန်က ကလေးတွေကျောင်းဖွင့်ချိန်၊ ကလေးတွေ ကျောင်းစရိတ်အတွက် စုဘူးလုပ်ပြီး မွေးထားတဲ့ ဒီဝက်ကလေးတွေ တစ်ခုခု ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ။ နင်လည်း နင့်စုဘူးအကွဲခံနိုင်လို့လား"။

"ဒါတော့ ဒါပေါ့တော်။ ကျုပ်တို့ တောင်သူတောင်သား အိမ်က ထမင်းကျန်၊ ဟင်းကျန်လေးနဲ့ ဒီစုဘူးကလေးတွေကို အရိပ်တကြည့်ကြည့် နေနေရတာ၊ ဘယ်အကွဲတော့ခံလို့ဖြစ်မလဲ။ ဒါပေမယ့် ကျုပ်တူကြီး ခဏနား အမောအပန်းဖြေပြီးမှ ပြောစေချင်တာပါ"။

ဦးကြီးနှင့် အရီးတို့၏ ပြောစကားများက ရင်ထဲကလာနေသော စကားများဖြစ်မှန်း ကျွန်တော်သိပါသည်။ တောရွာများတွင် အိမ်တိုင်းနီးပါး ဝက်ကလေး တစ်ကောင်စ နှစ်ကောင်စမွေးကြသည်။ နေ့စဉ် ထမင်းကျန်၊ ဟင်းကျန်မှ အစ ဖွဲနုလေး၊ ဆန်ကွဲလေးဝယ်ကျွေးရင်း ဝက်ကို ဖြစ်အောင်မွေးနေကြသည်။ စုဘူးကလေးသဖွယ် အရိပ်တကြည့်ကြည့်။

"ဦးကြီးပြောတဲ့ ဝက်နားရွက်ပြာရောဂါနဲ့ပတ်သက်လို့ ကျွန်တော်တို့ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနက ရောဂါကာကွယ်ထိန်းချုပ်ရေးတွေ၊ မပြန့်ပွားရေးတွေ၊ သေဆုံးမှုလျှော့ပါးရေးတွေ အများကြီးလုပ်ပေးတာပေါ့ ဦးကြီးရယ်။ ဒါပေမယ့် ဒီရောဂါက ကူးစက်ပြန့်ပွားလွယ်တော့ ဝက်မွေးတဲ့ လူတွေအားလုံးက လိုက်နာဆောင်ရွက်မှ ကူးစက်ပြန့်ပွားမှုမဖြစ်မှာ၊ အသေအပျောက်နည်းမှာ"။

"ဒီရောဂါက ပြောတော့ ဝက်နားရွက်ပြာ။ ဖြစ်တော့ သားလျှောပြီး သေတာလို့ပြောကြတယ်။ အဲ နောက်ပြီး နားရွက်ကလည်း ဘာလို့ပြာရတာလဲ"။

ကျွန်တော့် ဦးကြီးက ရွာမှာနေသော်လည်း ဗဟုသုတရှိသည်။ စူးစမ်းလေ့လာလိုသည့်စိတ်ဓာတ်ကအပြည့်။

"ဟုတ်ပါတယ်ဦးကြီး။ ဒီရောဂါကဖြစ်တဲ့ ဝက်တွေရဲ့ နားရွက်နဲ့ ခန္ဓာကိုယ်အရေပြားနဲ့ နောက်ပိုင်းတွေမှာ အပြာရောင်အကွက်တွေ ဖြစ်ပေါ်တတ်တာကြောင့် ဝက်နားရွက်ပြာလို့ ခေါ်တာပါ။ ဘာကြောင့်လဲဆိုတော့ ဒီရောဂါဖြစ်စေတဲ့ ဗိုင်းရပ်စ်ပိုးကြောင့် ခန္ဓာကိုယ်အစွန်အဖျားမှာရှိတဲ့ သွေးကြောလေးတွေ ပေါက်ကုန်တယ်။ အစွန်အဖျားတွေမှာ သွေးမရောက်တော့ဘူး။ အောက်ဆီဂျင်ဓာတ်မရတော့ဘူး။ အဲဒါကြောင့် ပထမတော့ သွေးရောင်အနီရောင်အကွက်ဖြစ်တာပဲ။ နောက်တော့မှ တဖြည်းဖြည်း အပြာကွက်တွေဖြစ်လာတာ။

"သားလျှောတာကတော့ ဒီရောဂါပိုးက မျိုးပွားလမ်းကြောင်းနဲ့ အသက်ရှူလမ်းကြောင်းတွေမှာ ရောဂါဖြစ်စေလို့ပဲ။ မျိုးပွားလမ်းကြောင်းမှာဖြစ်ခဲ့ရင် ဇီးရှိဝက်မကြီးတွေမှာ သားလျှောမယ်၊ အသေမွေးမယ်၊ အားအင်ချည့်နဲ့တဲ့ ဝက်ကလေးတွေမွေးမယ်။ ဆေးဝါးကုသမှုမလုပ်ရင် သေနိုင်တယ်။ အသက်ရှူလမ်းကြောင်းမှာဖြစ်ရင်တော့ ဝက်တွေအစာစားပျက်မယ်၊ မှိုင်မယ်၊ ကိုယ်အပူချိန်များပြီး ဖျားမယ်၊ နှာရည်ယိုမယ်၊ ချောင်းဆိုးမယ်။

"ဝက်ပိုင်ရှင်က မွေးမြူတဲ့လူက ကိုယ့်ဝက်နေမကောင်းတာသိရင် ချက်ချင်း ဂရုတစိုက်ပြုစုဖို့လိုတယ်။ ဝက်ကလေးတွေဆိုရင် အခင်းကောက်ရိုးနဲ့ နွေးနွေးထွေးထွေးထား၊ ဝက်ခြံသန့်ရှင်းရေးစနစ်တကျလုပ်၊ သောက်ရေ၊ အစာသန့်ရှင်းတာ၊ လတ်ဆတ်တာကျွေး၊ တိရစ္ဆာန်ဆေးကုဆရာဝန်ခေါ်ပြီး လိုအပ်တဲ့ဆေးဝါးကုသမှုလုပ်ရင် အသေအပျောက်နည်းမှာပေါ့၊ စုဘူးကလေး မကွဲဘူးပေါ့"။

"တချို့ပြောတော့ ဒီဝက်နားရွက်ပြာရောဂါဖြစ်ရင် ဆေးကုမရဘူးဆို၊ အားလုံးသေတယ်ဆို၊ ရေဒီယိုက ဒီဗွီဘီလား၊ ဘီဘီစီကလား သေချာတော့ မသိဘူး၊ အဲဒီလိုကြားလိုက်လို့ မင်းအရီးတော့ ထမင်းတောင် မစားနိုင်ဘူး ဖြစ်သွားတယ်"။

ဦးကြီးက အရီးမှည့်ဘက်ကို ငဲ့စောင်းကြည့်ရင်း ထပ်၍ မေးလာသည်။

"ဝက်နားရွက်ပြာရောဂါဖြစ်ရင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တာမို့လို့ တိုက်ရိုက်ကုလို့တော့ မရပါဘူး။ ဒါပေမယ့် ကျန်တဲ့ရောဂါတွေမဝင်အောင် ဆေးကုရသလို ကိုယ်ခံစွမ်းအားကောင်းအောင် အားဆေးထိုးတာ၊ ကျန်တဲ့ ဆေးဝါးကုသတာလုပ်ရင် အသေအပျောက်နည်းပါတယ်။ အခုလက်ရှိဖြစ်တဲ့ ကောင်ရေရဲ့ ၂၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းလောက်တော့ သေတာတွေ့ရတယ်။ ဝက်ငယ်ကလေးတွေမှာ အသေများပြီး ဝက်ကြီးတွေကတော့ ခံနိုင်ရည်ရှိလို့ အသေအပျောက်နည်းပါတယ်"။

"အေး-တော်သေးတာပေါ့ကွာ။ ဒါနဲ့ ငါ့တူမို့လို့မေးရဦးမယ်။ အမှန်အတိုင်းပြောကွာ။ ဒီရောဂါနဲ့ ပတ်သက်လို့ မင်းတို့ဌာနက စစ်ကော စစ်ဆေးနိုင်သလား၊ နိုင်ငံခြားကအကူအညီကော ခေါ်သေးလား"။

ဦးကြီးကား ခေသူမဟုတ်။ သူသိချင်တာကို တစ်ဆင့်ပြီးတစ်ဆင့် မေးလာသည်။

"စစ်ဆေးနိုင်တာပေါ့ဦးကြီးရယ်၊ ဦးကြီးပြောသလို အမှန်အတိုင်းပြောရရင် ၂၀၀၆ ခုနှစ် ကြက်ငှက်တုပ်ကွေး စပြီးဖြစ်တုန်းက ကျွန်တော်တို့ဌာနမှာ စစ်ဆေးတဲ့ပစ္စည်းကိရိယာ သိပ်ပြီးမရှိဘူး။ ဓာတ်ခွဲခန်းလည်း အဆင့်မြင့်မြင့်မရှိဘူး။ အဲဒီနောက်ပိုင်းမှာ ဓာတ်ခွဲခန်းလည်း အဆင့်မြှင့်ခဲ့တယ်။ စစ်ဆေးတဲ့ကိရိယာတွေလည်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) အပါအဝင် နိုင်ငံတကာက ထောက်ပံ့တာပါသလို ကျွန်တော်တို့ အစိုးရက ဝယ်ပေးတဲ့အတွက်ကြောင့် အတော်လေးပြည့်စုံနေပါပြီ။ ပစ္စည်းပိုင်းပြည့်စုံသလို ကျွန်တော်တို့ ဝန်ထမ်းတွေ နိုင်ငံခြားလွှတ်ပြီး ပညာသင်ထားတာကြောင့် နည်းပညာပိုင်းမှာလည်း ဒီရောဂါပိုးရဲ့ မျိုးရိုးဗီဇကအစ စစ်ဆေးလို့ရနေပါပြီ။

"ကျွန်တော်တို့ရဲ့ စစ်ဆေးချက်တွေနဲ့ ဩစတြေးလျတို့၊ အင်္ဂလန်တို့မှာရှိတဲ့ ရောဂါစစ်ဆေးရေး ဓာတ်ခွဲခန်းကအဖြေတွေနဲ့ ကိုက်ညီမှုရှိတာကြောင့် ကျွန်တော်တို့ဓာတ်ခွဲခန်းကိုလည်း နိုင်ငံတကာက အသိအမှတ်ပြုထားပြီးပါပြီ။ ဒီဝက်နားရွက်ပြာရောဂါနဲ့ပတ်သက်လို့ နိုင်ငံခြားက ကျွမ်းကျင်သူပညာရှင်ကိုလည်း ကျွန်တော်တို့ ဖိတ်ခဲ့ပါတယ်။ ထိုင်းနိုင်ငံကပညာရှင်လည်း ပြီးခဲ့တဲ့မေလ ဒုတိယပတ်မှာ လာခဲ့ပြီး ရောဂါဖြစ်ပွားခဲ့တဲ့နေရာတွေကို လိုက်ပြီးကြည့်ပါတယ်။ လိုအပ်တဲ့ အကြံဉာဏ်တွေလည်း ပေးခဲ့ပါတယ်"။

"တော့်နှယ် မေးပဲမေးနိုင်ရန်ကော၊ မောင်အောင် စရောက်ကတည်းက ရေနွေးကြမ်းလေးတစ်ခွက်တောင် မသောက်ရသေးဘူး။ ကဲ-ငါ့တူရေ ရေနွေးကြမ်းလေး တစ်ခွက်လောက်သောက်လိုက်ပါဦး"။

အရီးမှည့်က ဦးကြီးရွှေမောင်အား မျက်စောင်းချိတ်ရင်း ကျွန်တော့်အား ရေနွေးကြမ်းခွက် လှမ်းပေးပါသည်။

"ညည်းတူကို ရောက်တုန်းမေးရတာ၊ တော်ကြာချက်ချင်းထပြန်သွားရင် ငါသိချင်တာတွေ မသိလိုက်ရမှာမို့လို့မေးနေရတာ။

"ဒါနဲ့ နေပါဦး။ မင်းတို့က ထိုင်းကပညာရှင်ကိုခေါ်ပြီး အကြံဉာဏ်တောင်းရတယ်ဆိုတော့ သူကဘယ်လောက်တော်လို့လဲ။ သူတို့နိုင်ငံမှာရော ဒီရောဂါမျိုး ဖြစ်ဖူးလို့လား။ ဒို့ပတ်ဝန်းကျင် နိုင်ငံတွေမှာရော ဒီရောဂါမျိုး ဖြစ်ဖူးကြသလား"။

ကျွန်တော့်ဦးကြီးက ရွာမှာနေ၍သာ တော်တော့သည်။ ဦးကြီး၏ မေးခွန်းများကား အသေးစိတ်သည်။ တိကျသည်။ သူသိလိုသည်များကို ဖြေရပေတော့မည်။

"ကျွန်တော်တို့လည်း အဲဒီပညာရှင်ရောက်စက မြင်မြင်ချင်း သိပ်ပြီး အထင်မကြီးမိဘူး။ ဒါပေမယ့် အဲဒီလူက ဒီဝက်နားရွက်ပြာရောဂါကို ၁၉၉၂ ခုနှစ်ကတည်းက အခုအချိန်ထိ တောက်လျှောက် လေ့လာခဲ့တာ၊ သုတေသနပြုခဲ့တာ၊ ဒီရောဂါနဲ့ပဲ ဒေါက်တာဘွဲ့ရခဲ့တာ၊ လက်ရှိလည်း ထိုင်းနိုင်ငံက တိရစ္ဆာန်ဆေးကုတက္ကသိုလ်မှာ ရောဂါဗေဒပါမောက္ခလုပ်နေတာ။ သူရဲ့စစ်ဆေးမှု၊ စူးစမ်းလေ့လာမှုနဲ့ စမ်းသပ်ချက်တွေက အတော်လေးကို တန်ဖိုးရှိပါတယ်။

"ဒီဝက်နားရွက်ပြာရောဂါက ကျွန်တော်တို့နိုင်ငံမှာသာ အခုဒီနှစ် ၂၀၁၁ ခုနှစ်မှာဖြစ်တာ။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းတရုတ်နိုင်ငံမှာက ၂၀၀၆ ခုနှစ်ကတည်းက စပြီးဖြစ်တယ်။ ဝက်ကောင်ရေ နှစ်သန်းလောက်ဖြစ်ပြီး လေးသိန်းလောက်သေခဲ့တယ်လို့သိရပါတယ်။ ဗီယက်နမ်နိုင်ငံမှာတော့ ၂၀၀၇ ခုနှစ်က စဖြစ်ပြီး ထိုင်းနိုင်ငံမှာ ၂၀၀၈ ခုနှစ်၊ လာအိုနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေမှာ ၂၀၁၀ ခုနှစ်ကစပြီး ဖြစ်ခဲ့ပါတယ်"။

"မင်းပြောသလိုဆိုရင် တော်သေးတာပေါ့ကွာ။ ဒို့နိုင်ငံမှာ ရောဂါဖြစ်တာ နောက်ကျပေလို့။ အဲဒါနဲ့ ဒီရောဂါ ဘယ်ကနေရောက်လာသလဲ၊ ဘယ်လိုစပြီး ဖြစ်တာလဲ။ ကြက်ငှက်တုပ်ကွေးတုန်းကတော့ မင်းတို့ဌာနက ဆောင်းခိုငှက်တွေ၊ ငှက်ရိုင်းတွေကနေစပြီး ကူးတယ်လို့ပြောတယ်။ အခုကော ဝက်ရိုင်းတွေက စပြီး ကူးတာလား။ အဲဒီပညာရှင်ကရော ဘာပြောသလဲ"။

"အခု ဒီဝက်နားရွက်ပြာရောဂါက အမှန်တော့ မူဆယ်ဘက်ကနေ ကူးတာ။ မန္တလေးက ရောဂါစပြီးဖြစ်တဲ့ခြံကို ကျွန်တော်တို့နဲ့ အဲဒီပညာရှင် သွားပြီးမေးကြတယ်။ ရောဂါစဖြစ်တဲ့ရက်မတိုင်ခင် တစ်ပတ်လောက်မှာ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံမှာ နှစ်သစ်ကူးပွဲရှိတယ်။ အဲဒီလို စဖြစ်တဲ့ဝက်ခြံက ဝက်တွေသွားပြီးရောင်းတယ်။ သူတို့သွားပြီးချတဲ့ ဝက်သတ်ရုံမှာ အဲဒီရောဂါကဖြစ်နေတယ်။ အဲဒီဝက်ခြံအလုပ်သမားတွေက ဟိုဘက်ဝက်ခြံမှာ ဝက်တွေဝင်ပြီး ချတယ်။ ပြီးတော့ ကားနဲ့ ဒီဘက်ကို ပြန်လာခဲ့ကြတယ်။ ဖိနပ်တွေဆေးတာ၊ အဝတ်အစားလဲတာမလုပ်ဘူး။ အဲဒီလူတွေ ပြန်ရောက်ပြီး ကိုယ့်ဝက်ခြံထဲ ပြန်ဝင်ပြီး အလုပ်လုပ်ကြတယ်။ ဒီလူတွေပြန်ရောက်ပြီး တစ်ပတ်အကြာမှာ အဲဒီခြံ ရောဂါစပြီးဖြစ်တာပဲ"။

"ဟုတ်မှလဲလုပ်ပါ ငါ့တူရယ်။ မင်းဟာကလဲ၊ မင်းတို့က အဲသလိုဖြစ်တယ်လို့ ဘယ်လိုသက်သေပြနိုင်လို့လဲ"။

ကျွန်တော့်ဦးကြီးကား ယုံလွယ်တတ်သူမဟုတ်။ လက်ဆုပ်လက်ကိုင် မပြနိုင်သရွေ့တော့ လွယ်လွယ်ဖြင့် လက်ခံမည့်သူ မဟုတ်ပါ။

"ကျွန်တော်တို့လည်း လွယ်လွယ်နဲ့ဘယ်ပြောရဲပါ့မလဲ ဦးကြီးရယ်။ အဲဒီခြံမှာဖြစ်တဲ့ ဗိုင်းရပ်စ်ရောဂါပိုးကို ကျွန်တော်တို့ စစ်ဆေးတယ်။ အဲဒီနိုင်ငံမှာ ဖြစ်တဲ့ရောဂါပိုးနဲ့ ၉၉ ရာခိုင်နှုန်းတူနေတယ်။ ဒီရောဂါပိုးစစ်ဆေးမှုကို နိုင်ငံခြားပို့ပြီး စစ်ဆေးတယ်။ ကျွန်တော်တို့စစ်ဆေးတာနဲ့ အဖြေတစ်ထပ်တည်းတူနေတယ်။ ဝက်သွားပို့တဲ့သူတွေကို သေချာမေးမြန်းစစ်ဆေးပြီးမှ ဒီကောက်ချက်ကိုချတာပါ။ ကျွန်တော်တို့လည်း ဘယ်အရမ်းပြောရဲပါ့မလဲ။ ပညာရှင်ကိုယ်တိုင်ကလည်း စစ်ဆေးမေးမြန်းပြီးမှ ကျွန်တော်တို့ကောက်ချက်ကို အတည်ပြုခဲ့တာ"။

"အေး-ကဲထားပါတော့ကွာ၊ မင်းတို့ဘက်ကတော့ အတော်လေးလုပ်ထားတော့ အထူးပြောစရာမရှိပါဘူး။ ဒါပေမယ့် ငါတို့သိရသလောက်က **"အနာသိရင် ဆေးရှိရမယ်"**ကွ။ ဘယ်ရောဂါမဆို ကာကွယ်ဆေးဆိုတာတော့ ရှိရမှာပဲ။ အခု ဒီဝက်နားရွက်ပြာကျမှ ကာကွယ်ဆေးမသုံးရဘူးလို့ ပြောနေတယ်။ မင်းတို့ဌာနကပြောတာ။ ဒါပေမယ့် ငါတို့ကြားတာက ဟိုဘက်ရွာမှာ ကာကွယ်ဆေးဆိုပြီး ထိုးတာကြားတယ်။ ဝက်တွေလည်း သေကုန်တယ်ပြောတယ်။ အဲဒါကကော ဘာသဘောလဲ"။

ဦးကြီး၏ စကားက အတော်လေးထိရောက်သည်။ ဇာတ်ရှိန်ကလည်း မြင့်လာပြီ။

"ဟုတ်ပါတယ် ဦးကြီး။ အနာသိရင်ဆေးရှိရပါမယ်။ ရောဂါအတော်များများကတော့ ကူးစက်ရောဂါတွေမှာ ကာကွယ်ဆေး သုံးရပါတယ်။ ဒီဝက်နားရွက်ပြာရောဂါဗိုင်းရပ်စ်ပိုးကျတော့ ပိုးအမျိုးကွဲတွေများတယ်။ ပိုးမျိုးကွဲတစ်ခုကနေတစ်ခုပြောင်းတာ၊ ဖြစ်ထွန်းတာမြန်တယ်။ ဒီရောဂါ အမျိုးအစားအတွက် ဖော်စပ်ထားတဲ့ ကာကွယ်ဆေးက ဒီတစ်မျိုးအတွက်ပဲ ကာကွယ်နိုင်တယ်။ နောက်တစ်မျိုးအတွက်ဆို မကာကွယ်နိုင်ဘူး။ အဲဒီအပြင် ပိုးအရှင်ကာကွယ်ဆေးထိုးထားတဲ့ ဝက်ရဲ့ သုက်ရည်တို့၊ နှာရည်တို့ကနေတစ်ဆင့် ဗိုင်းရပ်စ်ပိုးစွန့်ထုတ်ပြီး တခြားဝက်ကိုကူးနိုင်တယ်။ တချို့ဝက်မတွေကို ကာကွယ်ဆေးထိုးရင် ဇီးလျှောတယ်။ အဲဒီအတွက်ကြောင့် ကာကွယ်ဆေးထိုးဖို့ကို ကျွန်တော်တို့ စဉ်းစားနေတာ။

"အိမ်နီးချင်းနိုင်ငံတွေကို ပြန်ပြီးကြည့်ရင် တရုတ်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတွေမှာ ကာကွယ်ဆေးထိုးတယ်။ နှစ်စဉ် ရောဂါပြန်ပြီးဖြစ်နေတာတွေ့ရတယ်။ အထူးသဖြင့် ဗီယက်နမ်နိုင်ငံမှာ ၂၀၀၇ ခုနှစ်က စပြီးဖြစ်တာ။ စဖြစ်တဲ့နှစ်မှာ ဝက် ၇၀၈၇၇ ကောင်ဖြစ်ပြီး ၂၀၃၉၆ သေခဲ့တယ်။ ကာကွယ်ဆေးလည်းထိုးရော ၂၀၀၈ ခုနှစ်မှာ သုံးသိန်းကျော်ဖြစ်ပြီး သုံးသိန်းနီးပါးသေခဲ့တယ်။ ၂၀၀၉ ခုနှစ်ကျတော့ ခုနစ်သောင်းကျော်ဖြစ်ပြီး ရှစ်ထောင်နီးပါးသေရာက ၂၀၁၀ ခုနှစ်မှာ ခြောက်သိန်းကျော်ဖြစ်ပြီး သုံးသိန်းကျော်ပြန်ပြီးသေပြန်တယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးဖို့၊ မထိုးဖို့ သူတို့ပြန်ပြီးသုံးသပ်နေတယ်။

"ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဆိုတာ မွေးမြူရေးတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ တိရစ္ဆာန်ကောင်ရေတွေ ပွားများဖို့၊ ပြည်သူတွေ အသား၊ ငါး၊ နို့၊ ဥတွေလုံလောက်စွာ စားသောက်နိုင်အောင် ထုတ်လုပ်ဖို့ဌာနပဲ။ ပြည်သူအများစုအကျိုးရှိမယ့် ကိစ္စဆိုရင် ကျွန်တော်တို့က ရှေ့ဆုံးက အရင်လုပ်ပေးမှာပေါ့။ **"ငါးပွက်ရာ ငါးစာချ"** ပြီး ပြည်သူတွေ ရေရှည်အကျိုးဆုတ်ယုတ်မှာကြောင့် ကာကွယ်ဆေးကို ကျွန်တော်တို့အားမပေးတာ။ ကြက်ငှက်တုပ်ကွေးရောဂါအတွက်လည်း ကျွန်တော်တို့ဌာနက အခုအချိန်အထိ ကာကွယ်ဆေးပေးမသုံးဘူး။ အဲဒီအတွက်ကြောင့် ရောဂါဖြစ်ရင်တောင် ထိန်းချုပ်ရမြန်စေတယ်။ ထိန်းချုပ်လို့ရတယ်။ ကာကွယ်ဆေးသုံးခဲ့တဲ့နိုင်ငံတွေတောင် ကာကွယ်ဆေး မသုံးတဲ့စနစ်ကို ကျင့်သုံးလာပြီ။

"စောစောကဦးကြီးပြောတဲ့ ကာကွယ်ဆေးဝယ်ပြီး ထိုးတယ်။ သေကြတယ်ဆိုတာ **"ပွဲလန့်တုန်းဖျာခင်းကြတဲ့"** လူတွေရဲ့လုပ်ရပ်ပါ။ တရားမဝင်ထုတ်လုပ်ထားတဲ့ ကျွန်တော်တို့ဌာနက တရားဝင်အသိအမှတ်မပြုတဲ့ ကာကွယ်ဆေးတွေ၊ ကုသဆေးတွေကိုသုံးရင် အခုလိုဆိုးကျိုးတွေရလာမှာပါ"။

ကျွန်တော် အရှည်ကြီးရှင်းပြလိုက်ရသဖြင့် ရေနွေးတစ်ကျိုက် မော့သောက်လိုက်ပါသည်။ ဦးကြီးရွှေမောင်နှင့် အရီးမှည့်တို့အပြင် ရွာမှပရိသတ်တော်တော်များများက ကျွန်တော့်စကားတွင် စိတ်ဝင်စားနေကြ၍ ကျေနပ်မိပါသည်။

"ကဲ-ကောင်းပါပြီကွာ၊ ငါ့တူပြောပုံအရ ဝက်နားရွက်ပြာအတွက် ကာကွယ်ဆေးမသုံးသင့်ဘူးဆိုပါတော့။ ငါတို့က ရောဂါမဖြစ်အောင် ဘာလုပ်ရမလဲ။ ရောဂါဖြစ်ရင် ဘာလုပ်ရမလဲ။ ဒို့စုဘူးကလေးတွေက အရေးကြီးတယ်ကွ"။

ဦးကြီးရွှေမောင်စကားကြောင့် ရှိနေသည့် ပရိသတ်က **"ဝါး"** ခနဲရယ်လိုက်ကြသည်။

"ရောဂါမဖြစ်အောင်ကတော့ ကိုယ့်ဝက်ခြံမှာ သန့်ရှင်းရေးစနစ်တကျလုပ်ဖို့ပါပဲ။ ဇီဝလုံခြုံမှုမြှင့်တင်တယ်လို့ ခေါ်ပါတယ်။ အစာ၊ ရေ စနစ်တကျ သန့်သန့်ရှင်းရှင်းနဲ့ ကောင်းကောင်းမွန်မွန်ကျွေးဖို့လိုပါတယ်။ တချို့က ဝက်ကို ညစ်ပတ်တယ်လို့ ထင်ကြတယ်။ တကယ်တော့ ဝက်က သန့်သန့်ရှင်းရှင်း နေတတ်တဲ့ တိရစ္ဆာန်ပါ။ အပေါ့ အပါးသွားတာ၊ ချေးပါတာကအစ ခြံထောင့်မှာပဲ ပါတတ်ပါတယ်။ မြေကြီးကို နှုတ်သီးနဲ့ထိုးတာက သံဓာတ်ရရှိဖို့နဲ့ အစာရှာတာပါ။ ဝက်ခြံ ခြောက်သွေ့သန့်ရှင်းဖို့လိုပါတယ်။ အစားအသောက် အနေအထိုင်ကောင်းရင် ကျန်းမာမယ်။ ရောဂါကင်းပါမယ်။ နောက်ပြီး ဌာနက ဝက်အတွက်ထုတ်လုပ်ထားတဲ့ ကာကွယ်ဆေးနှစ်မျိုးရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဝက်ပုလိပ်ရောဂါနဲ့ ဝက်ဝမ်းကျရောဂါ ဖြစ်တတ်ပါတယ်။ ဝက်အသက် နှစ်လလောက်ကစပြီး အဲဒီကာကွယ်ဆေးတွေ ခြောက်လတစ်ကြိမ် မှန်မှန်ထိုးမယ်။ အစာ ရေစာကောင်းကောင်းမွန်မွန်ကျွေးပြီး သန့်သန့်ရှင်းရှင်းထားမယ်ဆိုရင် ဘာရောဂါမှမဖြစ်နိုင်ပါဘူး။

"ဝက်နားရွက်ပြာရောဂါအပါအဝင် ကူးစက်ရောဂါတစ်ခုခု ဖြစ်လာမယ်။ ဝက်ဖျားနာလာမယ်ဆိုရင် ကျေးရွာအုပ်ချုပ်ရေးမှူးကတစ်ဆင့် ဒါမှမဟုတ် တိုက်ရိုက်ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို အမြန်သတင်းပို့ဖို့၊ အကြောင်းကြားဖို့လိုပါမယ်။ အရေးကြီးတာက ဝက်နေမကောင်းတာနဲ့ ချက်ချင်းထုတ်မရောင်းဖို့ပါပဲ။ ဒီရောဂါက သေချာဂရုစိုက်ပြီးကုမယ်ဆိုရင် ရာနှုန်းပြည့် မသေနိုင်ပါဘူး။ ရောဂါခံနိုင်ရည်စွမ်းအားရပြီး ပြန်ကောင်းတဲ့ ဝက်တွေ အများကြီးရှိပါတယ်။ ကိုယ့်ဘက်က ဂရုစိုက်ဖို့သာ အရေးကြီးတာပါ။ ပြီးတော့ နေမကောင်းတဲ့ဝက်ကို နေရာမရွှေ့ဘဲ ကျန်တဲ့ အတူနေကျန်းမာတဲ့ဝက်ကို ခွဲပြီးမွေးဖို့လိုပါတယ်။ အားလုံးရောထားရင်တော့ ရောဂါကူးမှာပါ။

"အကောင်းဆုံးကတော့ နေမကောင်းပြီးသေတဲ့ဝက် အနီကွက်၊ အပြာကွက်တွေပေါ်ပြီး သေတဲ့ဝက်၊ ဝက်အနာသားကို မစားဖို့၊ မရောင်းဖို့လိုပါတယ်။ အဲဒီလိုရောဂါဖြစ်ပြီး သေတဲ့ဝက်ကို ချောင်းထဲမြောင်းထဲ မျှောမပစ်ဘဲ ကျင်းနက်နက်တူး၊ ထုံးဖြူး၊ ဖြစ်နိုင်ရင် ပိုးသတ်ဆေးဖျန်းပြီး မြှုပ်ပစ်ဖို့လိုပါတယ်။ မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းတာဟာ ရောဂါမဖြစ်အောင် ကာကွယ်ဖို့အကောင်းဆုံးပဲဖြစ်ပါတယ်။ အခု ကျွန်တော်ပြောတဲ့ အလုပ်တွေသာ သေသေချာချာလုပ်ကြမယ်ဆိုရင် ဦးကြီးတို့၊ အရီးမှည့်တို့ရဲ့ **"စုဘူးကလေး ဘယ်လိုမှ မကွဲနိုင်ပါဘူး"**လို့ပြောချင်ပါတယ်"

ကျွန်တော့်စကားကို ဦးကြီးရွှေမောင်နှင့် အရီးမှည့်အပါအဝင် ရွာသားအားလုံးက ထောက်ခံနေသည့်အလား ပြုံးနေသည့် သူတို့မျက်နှာများက သက်သေပြနေကြပါသည်။ ကျွန်တော်တို့ကျေးရွာများမှ **"စုဘူးကလေးတွေ ကွဲမသွားအောင်"**ဝိုင်းဝန်းထိန်းသိမ်းကြဖို့ တိုက်တွန်းနှိုးဆော်ချင်ပါသည်။ ။

ဥရောပစွမ်းအင်ဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်ခွင့်ရရှိရေး ရုရှားကြိုးပမ်း

မော်စကို ဇွန် ၁၀

ရုရှားနိုင်ငံသည် ဥရောပစွမ်းအင်ဈေးကွက်အတွင်းသို့ ပိုမိုထိုးဖောက်ဝင်ရောက်ရန် စီစဉ်လျက်ရှိကြောင်း ရုရှားသတင်းဌာနများက ဇွန် ၁၀ ရက်တွင် ရေးသားဖော်ပြသည်။

ရုရှားနိုင်ငံအနောက်ပိုင်း နီဇနီနော့ဂိုရော့ခ်မြို့၌ ကျင်းပခဲ့သော ရုရှား-ဥရောပသမဂ္ဂ(အီးယူ) ထိပ်သီးဆွေးနွေးပွဲတွင် ဥရောပစွမ်းအင်ဈေးကွက် ပိုမိုဖွံ့ဖြိုးရေးကိစ္စကို ဆွေးနွေးခဲ့ကြသည်။ ယင်းထိပ်သီးဆွေးနွေးပွဲကို ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ဥရောပကောင်စီဥက္ကဋ္ဌ ဟာမန်းဗန်ရွန်ပေးလ်နှင့် ဥရောပကော်မရှင်အကြီးအကဲ ဟိုဆေးမင်နျူယယ်ဘာရိုဘိုတို့လည်း တက်ရောက်ကြသည်။

ရုရှားနိုင်ငံက ထုတ်လုပ်သောဓာတ်ငွေ့ကို ဥရောပဈေးကွက်သို့ ပိုမိုတင်ပို့ရေး၊ ရုရှားနျူကလီးယားစွမ်းအင်ကုမ္ပဏီများသည် ဥရောပဈေးကွက်အတွင်းသို့ ပိုမိုထိုးဖောက်နိုင်ရေး စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ရုရှားနှင့်ဥရောပသမဂ္ဂတို့၏ စွမ်းအင်ဈေးကွက်ဆိုင်ရာ ပြဿနာများတွင် နျူကလီးယားစွမ်းအင်ကိစ္စ ပါဝင်သည်။ ဥရောပအဏုမြူစွမ်းအင်အဖွဲ့ (ယူရိုအက်တမ်)သည် ရုရှားနိုင်ငံက ထုတ်လုပ်သော နျူကလီးယားလောင်စာ အသုံးပြုခြင်းကို အားပေးခြင်းမရှိချေ။ ရုရှားနိုင်ငံမှ ဥရောပသို့ ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်ရေးကိစ္စ၌လည်း ဥရောပသမဂ္ဂ၏ စည်းမျဉ်းကန့်သတ်ချက်များကို ရုရှားစွမ်းအင်ကုမ္ပဏီက ကျော်လွှားနိုင်ခြင်းမရှိကြောင်း ရုရှားသမ္မတ၏ အထက်တန်းအကြံပေးပုဂ္ဂိုလ် ဆာကေးပရီဟော့ကိုက ပြောကြားသည်။

ရုရှားနိုင်ငံရှိ ထိပ်တန်းစွမ်းအင်လုပ်ငန်းကုမ္ပဏီဖြစ်သော မကာအင်နာဂျီကုမ္ပဏီ၏ ဓာတ်ငွေ့ပိုက်လိုင်းများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဥရောပသမဂ္ဂ၏ ပြည်ဝင်ခွင့်ဗီဇာမူဝါဒ၊ ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံများက တင်ပို့ရောင်းချသော ဟင်းသီးဟင်းရွက်များကို ရုရှားနိုင်ငံက ပိတ်ပင်ထားသည့်ကိစ္စ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ရရှိရန် ရုရှားနိုင်ငံက ကြိုးပမ်းအားထုတ်နေမှုကိစ္စများနှင့်ပတ်သက်၍ ထိပ်သီးဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြောင်း ရုရှားသတင်းဌာနများက ရေးသားဖော်ပြသည်။

အင်တာနက်။

ဂျာမနီနိုင်ငံ၌ အီး-ကိုလိုင်းရောဂါဖြစ်ပွားမှု ပဲပင်ပေါက် မသန့်ရှင်းမှုကြောင့်ဖြစ်ရ

ဘာလင် ဇွန် ၁၀

လူ ၂၉ ဦးအထိ သေဆုံးခဲ့ရသော အီး-ကိုလိုင်း ဗက်တီးရီးယားပိုးရောဂါ ကူးစက်ပြန့်ပွားမှုဖြစ်ပေါ်စေသော အကြောင်းတရားမှာ ပဲပင်ပေါက် မသန့်ရှင်းမှုဖြစ်ကြောင်း ဂျာမနီနိုင်ငံရှိ ရောဂါထိန်းချုပ်ရေး အေဂျင်စီဖြစ်သော ရောဘတ်ကို့ခ်ျသိပ္ပံမှ စုံစမ်းစစ်ဆေးရေးမှူးများက ဇွန် ၁၀ ရက်တွင် ပြောကြားသည်။

စပိန်နိုင်ငံမှ တင်သွင်းသော သခွားသီး၊ ခရမ်းချဉ်သီးနှင့် ဆလတ်ရွက်တို့၌ ဗက်တီးရီးယားပိုးမွှားများ ပါဝင်မှုကြောင့် ဂျာမနီနိုင်ငံတွင် အီး-ကိုလိုင်းရောဂါပိုးဆိုင်ရာ အစာအဆိပ်သင့်မှုဖြစ်ရသည်ဟု ကနဦးအနေဖြင့် ထင်မြင်ယူဆခဲ့ကြသည်။

အီး-ကိုလိုင်းရောဂါပိုး ကူးစက်ခံရမှုကြောင့် လူပေါင်း ၃၀၀၀ ခန့် နာမကျန်းဖြစ်ခဲ့ရပြီး ဥရောပတိုက်တစ်ဝန်းတွင် လယ်ယာစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချမှုလုပ်ငန်းများ ထိခိုက်ခဲ့ရသည်။

ဂျာမနီနိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်သော ပဲပင်ပေါက်များအတွင်း အီး-ကိုလိုင်းရောဂါ ဖြစ်စေနိုင်သော ဗက်တီးရီးယားပိုးပါဝင်သည်ဟု ယူဆရကြောင်း ရောဘတ်ကို့ခ်ျ သိပ္ပံအကြီးအကဲ ရိန်းဟတ်ဘာဂါက ပြောကြားသည်။ **အင်တာနက်။**



လေဆင်နှာမောင်းဒဏ်ကို ရင်ဆိုင်ခဲ့ရသော ဂျိုပလင်းမြို့သူ မြို့သားများမှာ ယခုအခါ မှိုစွဲရောဂါကူးစက်မှုနှင့် ရင်ဆိုင်နေကြရသည်။
(ဓာတ်ပုံ-အင်တာနက်)

လေဆင်နှာမောင်းဒဏ်မှ လွတ်မြောက်ခဲ့သော အမေရိကန်နိုင်ငံသားများ မှိုရောဂါတစ်မျိုးကူးစက်မှုနှင့်ရင်ဆိုင်ရ

ဂရင်းကောင်တီ ဇွန် ၁၀

မေလအတွင်းတိုက်ခတ်ခဲ့သော ဂျိုပလင်းလေဆင်နှာမောင်းကြောင့် ထိခိုက်ဒဏ်ရာရခဲ့သူများ၌ အဆိပ်ပြင်းသော မှိုတစ်မျိုးကူးစက်ပျံ့နှံ့လျက်ရှိကြောင်း အမေရိကန်ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများအား ဇွန် ၈ ရက်က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

လေဆင်နှာမောင်းဒဏ်ခံခဲ့ရသော မစ်ဆူရီပြည်နယ်တစ်ဝန်းရှိ အမေရိကန်နိုင်ငံသားများအကြား အဆိပ်ပြင်းသော မှိုကူးစက်မှုကိုးမှုကို တွေ့ရှိခဲ့ရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

Zygomysis အမည်ရှိ မှိုသည် လူ့ခန္ဓာကိုယ်အတွင်းဝင်ရောက်နိုင်ပြီး မှိုကပ်စွဲခံရသည့် တစ်သျှူးများကို ပျက်စီးစေကြောင်း သိရသည်။ ဒဏ်ရာများကြောင့် အသက်မသေခဲ့ရသော်လည်း Zygomysis မှိုကူးစက်ကပ်စွဲခံရခြင်းကြောင့် အသက်သေဆုံးရသော မုန်တိုင်းဒဏ်မှ လွတ်မြောက်လာသူသုံးဦးမှ လေးဦးအထိရှိပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အကျိုးသက်ရောက်မှုရှိ

Zygomysis မှိုသည် သွေးမှတစ်ဆင့်ကူးစက်တတ်ပြီး သွေးလည်ပတ်မှုအပေါ် အကျိုးသက်ရောက်မှုရှိသည်။

အကယ်၍ယင်းမှိုများသည် ခြေနှင့်လက်ကဲ့သို့သော အရိုးအဆစ်များအတွင်းကပ်စွဲခဲ့ပါက လူနာ၏အသက်ကို ကယ်တင်နိုင်မည်ဖြစ်သော်လည်း ဦးခေါင်းနှင့်နီးသော ဒဏ်ရာများ၌ ကပ်စွဲခဲ့ပါက ဦးနှောက်တစ်သျှူးများပျက်စီးနိုင်ပြီး လူနာ၏အသက်ကို ကယ်တင်ရန် အခွင့်အရေးရှိတော့မည်မဟုတ်ပေ။

Zygomysis မှိုစွဲရောဂါ၏ အဓိကလက္ခဏာများမှာ ဖျားနာခြင်း၊ ခေါင်းကိုက်ခြင်း၊ သွေးကြောများနာကျင်ခြင်းနှင့် ထူပိန်းလာခြင်း စသည်တို့ဖြစ်သည်။ ယင်းမှိုစွဲရောဂါကြောင့် အာရုံကြောများပျက်စီးခြင်း၊ မျက်စိကွယ်ခြင်း၊ ဦးနှောက်နှင့် အဆုတ်အတွင်း သွေးခဲခြင်းအပြင် အသက်အန္တရာယ်ကို ထိခိုက်နိုင်သော ဝေဒနာများခံစားရတတ်သည်။ **အင်တာနက်။**

အမေရိကန် စစ်ရေးလေ့ကျင့်ရေးမှူးများ ပါကစ္စတန်က ပြန်လည်စေလွှတ်

အစ္စလာမ္မာဘတ် ဇွန် ၁၀

ပါကစ္စတန်နိုင်ငံ၌ စစ်ရေးလေ့ကျင့်ရေးမှူးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အမေရိကန်ကြည်းတပ် တပ်ဖွဲ့ဝင် ၉၀ ခန့်ကို ၎င်းတို့၏နိုင်ငံသို့ ပြန်ပို့ပေးလိုက်ပြီဖြစ်ကြောင်း ပါကစ္စတန်စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၌ စစ်ရေးနည်းပြများအဖြစ် အမေရိကန်ကြည်းတပ် တပ်ဖွဲ့ဝင် ၁၃၀ ကျော်ကို တာဝန်ပေးအပ်ခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် နယ်ခြားစောင့်တပ်ဖွဲ့များအား လေ့ကျင့်သင်တန်းများပေးခဲ့သည်။ နယ်ခြားစောင့်တပ်ဖွဲ့များကို ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းဒေသမှ တိုင်းရင်းသားမျိုးနွယ်စုဝင်အများစုဖြင့် ဖွဲ့စည်းထားသည်။ အာဖဂန်နစ္စတန်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသတစ်လျှောက်၌ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များက တာဝန်ထမ်းဆောင်လျက်ရှိကြသည်။

အမေရိကန်စစ်ရေးနည်းပြများ၏ လေ့ကျင့်သင်ကြားပေးရန် လိုအပ်မှုအခြေအနေကို မိမိတို့ပြန်လည်သုံးသပ်ခဲ့ပြီးနောက် အမေရိကန်စစ်ရေးနည်းပြ ၉၀ ခန့်ကို ၎င်းတို့၏နေရင်းနိုင်ငံသို့ ပြန်ပို့ပေးလိုက်ကြောင်း ပါကစ္စတန်စစ်အရာရှိတစ်ဦးက ပြောကြားသည်။

နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်တန်းပေးရန် မရှိမဖြစ်လိုအပ်သော အမေရိကန်တပ်ဖွဲ့ဝင်များကိုသာ ပါကစ္စတန်နိုင်ငံ၌ ဆက်လက်နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ပါကစ္စတန်စစ်ဘက်ဆိုင်ရာပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် နည်းပညာဆိုင်ရာ စွမ်းပကားလိုအပ်သော နေရာများတွင်သာ အမေရိကန်တပ်ဖွဲ့ဝင်များကလေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံ အဘော့တာဘတ်မြို့တွင် မေ ၂ ရက်က အမေရိကန်အထူးတပ်ဖွဲ့ဝင်များ၏ စီးနင်းတိုက်ခိုက်မှုကြောင့် အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်သေဆုံးရသည့်ဖြစ်ရပ် ပေါ်ပေါက်ပြီးနောက် ပါကစ္စတန်နှင့် အမေရိကန်တို့အကြား ဆက်ဆံရေးထိခိုက်ခဲ့ရသည်။ **အင်တာနက်။**

တရုတ်နိုင်ငံ အလယ်ပိုင်း ပြည်နယ်များ၌ ရေလွှမ်းမိုး ၃၄ ဦးထက်မနည်းသေဆုံးပြီး လူ ၃၀ ပျောက်ဆုံးနေ

ပေကျင်း ဇွန် ၁၀

တရုတ်နိုင်ငံအလယ်ပိုင်း မိုးခေါင်မှုဖြစ်ပွားနေသော ပြည်နယ် နှစ်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ၃၄ ဦးထက်မနည်း သေဆုံးပြီး လူ ၃၀ ပျောက်ဆုံးလျက်ရှိကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ဇွန် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ ဟူဘေးပြည်နယ် စွင့်နင်းမြို့၌ ပြည်သူ ၆၀၀၀၀ ကျော် ကို ရေဘေးကင်းလွတ်ရာ နေရာဒေသများသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ စွင့်နင်းမြို့၌ နှစ်မီတာအမြင့်အထိ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ ၁၉ ဦး သေဆုံးပြီး ငါးဦးပျောက်ဆုံးလျက်ရှိသည်။

ဟူနန်ပြည်နယ် ယွီယန်းမြို့၌လည်း ရေလွှမ်းမိုးမှုကြောင့် ၁၅ ဦး သေဆုံးပြီး ၂၅ ဦး ပျောက်ဆုံးလျက်ရှိသည်။

ဟူဘေးပြည်နယ်နှင့် ဟူနန်ပြည်နယ်တို့သည် မကြာသေးမီလများအတွင်းက မိုးခေါင်မှုဒဏ်ကို ဆိုးဆိုးရွားရွား တွေ့ကြုံခံစားခဲ့ကြရသည်။ ယခုရက်သတ္တပတ်ကုန်၌ အခြားသောပြည်နယ်များ၌ မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး မုန်တိုင်းတိုက်ခတ်နိုင်သည်ဟု ခန့်မှန်းထားသည်။

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်နှင့်ဖူကျင့်ပြည်နယ် နယ်စပ်အနီးရှိ ပင်လယ်ကမ်းရိုးတန်းဒေသတစ်နေရာမှ မုန်တိုင်းဖြတ်သန်းမည်ဟု မျှော်လင့်ရကြောင်း၊ ထိုင်ဝမ်ရေလက်ကြား၌ သင်္ဘောများ ကူးသန်းသွားလာမှုကို ထိခိုက်စေနိုင်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။ **အင်တာနက်။**

ရေလွှမ်းမိုးမှုကြောင့် ရေစီးနှင့်အတူ မျောပါခဲ့ရသော မော်တော်ကားများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ဗီယက်နမ်ဆောက်လုပ်ရေးဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Nguyen Hong Quan နှင့် အဖွဲ့သည် ယမန်နေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ရှေ့ဆက်လက်ဆောင်ရွက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် သံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

တစ်ယောက်စီးလေယာဉ်ငယ်ဖြင့် ကမ္ဘာတစ်ပတ်ပျံသန်းကာ ဂင်းနစ်စံချိန်တင်ရန် ကြိုးပမ်းသူ ရာသီဥတုဆိုးရွားမှုကြောင့် ကျောက်ဖြူလေဆိပ်တွင် ဆင်းသက်ခဲ့ရ

ကျောက်ဖြူ ဇွန် ၁၀

ခြေနှစ်ဖက်စလုံးသေနေသည့် အသက်(၄၄)နှစ်အရွယ် အင်္ဂလန်နိုင်ငံသား တစ်ဦးသည် တစ်ယောက်စီးလေယာဉ်ငယ်ဖြင့် ကမ္ဘာတစ်ပတ်ပျံသန်းကာ ဂင်းနစ်စံချိန်တင်ရန်ကြိုးပမ်းစဉ် မြန်မာနိုင်ငံ ကျောက်ဖြူမြို့နှင့်သံတွဲမြို့အကြားတွင် မိုးလေဝသဆိုးရွားမှုကြောင့် ကျောက်ဖြူလေဆိပ်၌ ဆင်းသက်ခဲ့ရသည်။

Dave Sykes ကျောက်ဖြူလေဆိပ်သို့ ဆင်းသက်စဉ် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအားလုံးက လှိုက်လှဲပျူငှာစွာ ကြိုဆို၍ ဧည့်ဝတ်ပြုခဲ့ကြကြောင်း၊ ၎င်းတည်းခိုနေထိုင်နိုင်ရေးနှင့် စားသောက်ရေးအတွက်လည်း စီစဉ်ပေးကြကြောင်း၊ ၎င်းထံတွင် ငွေသားအလုံအလောက်မပါရှိဘဲ ငွေထုတ်ကတ်သာပါရှိခဲ့သော်လည်း ဗာရာဏသီဟိုတယ်ပိုင်ရှင်က စားသောက်ရေး၊ တည်းခိုရေး၊ ကားဖြင့်သွားလာရေးတို့ကို အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၎င်းအနေဖြင့် ကမ္ဘာ့နိုင်ငံများစွာသို့ ဝင်ရောက်ခဲ့သော်လည်း မြန်မာနိုင်ငံသားများ ကဲ့သို့ လူသားချင်းစာနာစိတ်နှင့် ကူညီရိုင်းပင်းမှု၊ ဧည့်ဝတ်ကျေပွန်မှုမျိုး လုံးဝမတွေ့ခဲ့ရကြောင်းဖြင့် Dave Sykes က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

Dave Sykes သည် မော်တော်ဆိုင်ကယ် မတော်တဆမှုကြောင့် ခြေထောက်နှစ်ဖက်စလုံး အကြောသေနေသူဖြစ်ရာ လက်တွန်းဘီးငယ်ဖြင့် သွားလာနေရသူဖြစ်သည်။ ၎င်းသည်လွန်ခဲ့သော ၁၀ နှစ်ကျော်က လေယာဉ်မောင်းသင်တန်းတက်ခဲ့ပြီး အပေါ့စားလေယာဉ်ငယ်ဖြင့် GPS လမ်းညွှန်စနစ်ကို အသုံးပြုကာ တစ်ကိုယ်တည်း ကမ္ဘာပတ်စံချိန်တင်ရန် ကြိုးပမ်းနေသူဖြစ်သည်။

Dave Sykes သည် အင်္ဂလန်နိုင်ငံ ယော့မြို့မှ Cyprus Microlight အမျိုးအစား အပေါ့စားလေယာဉ်ငယ်ဖြင့် ဧပြီ ၂၈ ရက်တွင် စတင် ထွက်ခွာခဲ့ပြီး ပြင်သစ်၊ အီတလီ၊ ဂရိ၊ ဆိုက်ဘား၊ အီဂျစ်၊ ဆော်ဒီအာရေးဗီးယား၊ ယူအေအီး၊ အိုမန်၊ ပါကစ္စတန်၊ အိန္ဒိယတို့ကို ဖြတ်သန်းကာ ဇွန် ၈ ရက် နံနက်ပိုင်း၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့မှ မြန်မာနိုင်ငံရန်ကုန်မြို့သို့ ပျံသန်းစဉ် ရာသီဥတုဆိုးရွားလာမှုကြောင့် ယင်းနေ့ ညနေ ၅ နာရီခွဲခန့်တွင် ကျောက်ဖြူလေဆိပ်၌ ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

၎င်းသည် ဇွန် ၈ ရက်နှင့် ၉ ရက်တွင် ကျောက်ဖြူမြို့ ဗာရာဏသီဟိုတယ်တွင် တည်းခိုနေထိုင်ပြီး ရာသီဥတု သာယာပါက ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ဆက်လက်ပျံသန်းသွားရောက်ရန် စီစဉ်ထားသည်။ ယင်းနောက် ရန်ကုန်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံဗန်ကောက်မြို့၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ အရှေ့တီမော၊ ဩစတြေးလျတို့မှတစ်ဆင့် အင်္ဂလန်နိုင်ငံသို့ ဆက်လက်ပျံသန်းသွားမည်ဖြစ်ကြောင်း သိရသည်။ (၅၀၉)

လေယာဉ်ငယ်ဖြင့် ကမ္ဘာတစ်ပတ်စံချိန်တင်ရန် ကြိုးပမ်းနေသည့် ခြေနှစ်ဖက်စလုံးမသန်စွမ်းသူ Dave Sykes နှင့် ၎င်း၏ Cyprus Microlight အမျိုးအစားလေယာဉ်ငယ်။ (ဓာတ်ပုံ-အင်တာနက်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ပြပွဲ ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇွန် ၁၀

Made in Korea & Living Facilities Exhibition 2011 ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H. E. Mr. Kim Hae - yong က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး၊ ကိုရီးယား Association ဥက္ကဋ္ဌနှင့် Logic Myanmar Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးထင်အောင်ထွန်းတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။ ပြပွဲတွင်ကုမ္ပဏီပေါင်း ၆၇ ခုမှ ပြခန်းပေါင်း ၁၃၄ ခန်းကို ဇွန် ၁၀ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်ပြသသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောနဲ့သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

လူငယ်ကျန်းမာရေးပညာပေး ဒီဗွီဒီထုတ်လုပ်ရန် ဝတ္ထု၊ စာမူ၊ ဇာတ်ညွှန်းပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် ဇွန် ၁၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း လူငယ်ဖွံ့ဖြိုးမှု အစီအစဉ်၏ လူငယ်ကျန်းမာရေး ပညာပေးဒီဗွီဒီတစ်ခုကို ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့၏ ပံ့ပိုးမှုဖြင့် စီစဉ်ထုတ်လုပ်မည်ဖြစ်ရာ ထိုပညာပေးဒီဗွီဒီဖန်တီးရာတွင် အသုံးပြုရန် ဝတ္ထု၊စာမူ၊ဇာတ်ညွှန်းကို ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပ၍ ရွေးချယ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲသို့ မြန်မာနိုင်ငံသား မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး လူငယ်နှင့် ဆယ်ကျော်သက်များ၏ ဘဝနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့်များကို အခြေခံဇာတ်အိမ်တည်ပြီး ဒီဗွီဒီအဖြစ် ဖန်တီးနိုင်သော ဝတ္ထု၊ စာမူ၊ ဇာတ်ညွှန်းဖြစ်ရမည်ဖြစ်ပြီး ပညာပေးနှင့်အတူ အနုပညာရသစုံကို ဖော်ကျူးနိုင်ရမည်ဖြစ်သည်။

စာမူတင်သွင်းလိုသူများသည် ဇွန် ၂၀ ရက်မတိုင်မီ ကြိုတင်စာရင်းပေးသွင်းရန်လိုအပ်ပြီး အဆိုပါ စာမူနှင့် ပတ်သက်သည့် အသိပေးရှင်းလင်းခြင်းကို ဇွန် ၂၄ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၄၉)ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံ အပေါ်ဆုံးထပ်ရှိ လူငယ်ဖွံ့ဖြိုးမှုအစီအစဉ် ရုံးခန်းတွင် ကျင်းပမည်ဖြစ်သည်။ စာမူများကို ဇူလိုင် ၈ ရက် နောက်ဆုံးထားပြီး ပေးပို့ကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဒေါက်တာနေဝင်း ဖုန်း-၀၉-၅၀၃၇၂၂၅၊ ဒေါက်တာခိုင်စိုးဝင်း ဖုန်း-၀၉-၅၁၃၇၆၉၂၊ ကိုဇင်မိုးဝင်း ဖုန်း-၀၉-၅၀၅၅၇၀၂နှင့် လူငယ်ဖွံ့ဖြိုးမှု အစီအစဉ် ဖုန်း-၀၁-၃၉၉၀၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မောင်းလျှင်
မမူးနှင့်
မူးလျှင်
မမောင်းနှင့်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၁၀

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနခန်းမ၌ ကျင်းပသည့် မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး နေပြည်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကာ စေတီတော်ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး၍ စေတီတော်လိုဏ်အတွင်းရှိ ဖွား၊ ပွင့်၊ ဟော၊ စံ ကျောက်ထွင်းပန်းချီများကို ကြည့်ရှုလေ့လာကြပြီး စေတီတော်ပရိဝုဏ်အတွင်း ရတနာဆင်ဖြူတော်ဆောင်ရှိ ရတနာဆင်ဖြူတော်များကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော် ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိပြီး ပြသထားသော မြန်မာ့ကျောက်မျက်ရတနာများနှင့် ကျောက်မျက်ရတနာ အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော် ကျောက်မျက်ရတနာပြတိုက်၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပြန်တမ်း

နေပြည်တော် ဇွန် ၁၀

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညီညီစံအား ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဦးထွန်းသိန်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဝန်ကြီးရုံး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အကောက်ခွန်ဦးစီးဌာန ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ခ)	ဦးသိန်းဆွေ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ဂ)	ဒေါက်တာတင်ထွဋ် ညွှန်ကြားရေးမှူး စိုက်ပျိုးရေးသုတေသနဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ပါမောက္ခချုပ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Nguyen Cong Nghiep ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Nguyen Cong Nghiep ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များလည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. To Lam လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၀

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် လိုက်ပါလာသည့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. To Lam သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ခြင်ဆေးခွေနှင့်ပတ်သက်သည့် သတိပေးချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် ခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိပါသည်။ ၎င်းခြင်ဆေးခွေများအား ပြည်သူများသုံးစွဲခြင်းမပြုကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နေ့စဉ်ထုတ် သတင်းစာများတွင် အသိပေးထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

ဓာတ်ခွဲခန်းတွင် စစ်ဆေးတွေ့ရှိချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းသော ကျင်းထုံခြင်ဆေးခွေတွင် မြန်မာနိုင်ငံ၌ တရားဝင်မှတ်ပုံတင် တင်ပြထားခြင်းမရှိသော Meperfluthrin အမျိုးအစား ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသည်။ ပါဝင်မှုပမာဏမှာလည်း ကျင်းထုံအပြာရောင်ဘူးတွင် သုည ဒသမ ဝ၆၃၁ ရာခိုင်နှုန်း၊ အနီရောင်ဘူးတွင် သုည ဒသမ ၁၁၅၉ ရာခိုင်နှုန်း၊ အစိမ်းရောင်ဘူးတွင် သုည ဒသမ ၁၁၂၉ ရာခိုင်နှုန်းပါဝင်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသော အများဆုံးပါဝင်ရမည့် ပမာဏ သုည ဒသမ ဝ၄ ရာခိုင်နှုန်းထက် ပိုမိုပါဝင်နေသဖြင့် သုံးစွဲသူများ၏ ကျန်းမာရေးကို များစွာထိခိုက်စေသည်။

တရားမဝင်တင်သွင်းလာသော အခြားခြင်ဆေးခွေများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာနခွဲ ပိုးသတ်ဆေးဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိသည်။ ခြင်ဆေးခွေ တင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းလာသော ခြင်ဆေးခွေတွင် အဆိပ်ရှိပစ္စည်းပါဝင်မှု စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို သီးနှံကာကွယ်ရေးဌာနခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်။ သို့ဖြစ်ပါ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းလာသော ကျန်းမာရေးကို ထိခိုက် စေနိုင်သည့် အဆိုပါကျင်းထုံခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့် တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးမှုများကို တွေ့ရှိပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပြီး ပိုးသတ်ဆေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေး ကြေညာအပ်ပါသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပို့ဆောင်ရေးဆိုင်ရာ အခြေခံသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန၏ စီမံခန့်ခွဲမှု၊ UNESCAP ၏ ပံ့ပိုးမှု၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MIFFA) တို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် စွမ်းဆောင်ရည် တိုးမြှင့်လာနိုင်ရေးတို့အတွက် နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံသင်တန်းကို ဇွန် ၁၈ ရက်နှင့် ၁၉ ရက်နေ့များတွင် ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းသင်တန်းသို့ အခြေခံအင်္ဂလိပ်ဘာသာ တတ်ကျွမ်းသူများ၊ သယ်ယူပို့ဆောင်ရေးနှင့် နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအား လက်တွေ့ဆောင်ရွက်လုပ်ကိုင်နေသူများ မည်သူမဆို တက်ရောက်နိုင်ကြပြီး MIFFA အသင်းရုံးတည်ရှိရာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower အခန်း အမှတ်(၃) (၄)လွှာ ဖုန်း-၂၁၄၈၄၇ တို့သို့ ကြိုတင်လာရောက်စာရင်းပေးနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်သူ့ထံမှ ပေးစာများ

လမ်းပိတ်ဆို့နေသည့်ဆိုင်များအား ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် (၁၁၉)လမ်း ဈေးဆိုင်နှစ်ဆိုင်သည် ဆိုင်မျက်နှာစာအရှေ့ကို ၁၅ပေခန့် ကျူးကျော်ပြီး ကတ္တရာလမ်းမအထိ အမိုးအကာပြုလုပ်ထားပါသည်။ ဆိုင်အလုပ်သမားများနှင့် ကားကိုလည်း ပိတ်ဆို့၍ ရပ်ထားပြီး အလုပ်လုပ်ကြသဖြင့် ကလေးသူငယ်များ၊ ကျောင်းသားများမှာ လမ်းသွားရာတွင် အန္တရာယ်ရှိခြင်း၊ တိုက်ပေါ်သို့ အတက်အဆင်းပြုလုပ်ရာတွင် ပိတ်ဆို့နေခြင်းနှင့် ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ ကတ္တရာလမ်းမပေါ်အထိ ကျူးကျော်ပိတ်ဆို့ထားသော ဆိုင်နှစ်ဆိုင်အား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

တိုက်သူ၊ တိုက်သားများ

ဖူးကြီးရေမလာ အတော်ကြာ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် ဂျူဗလီလမ်းနှင့် ထီးမူးလမ်းတို့တွင် ဖူးကြီးရေမလာသည်မှာ အတော်ကြာပါပြီ။ သောက်ရေ၊ သုံးရေ အခက်အခဲရှိပါသဖြင့် သန့်ရှင်းသောသောက်သုံးရေ ပုံမှန်ရရှိရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရေလိုသူများ

ရေပြဿနာ ဖြေရှင်းပေးစေလို

စာတည်းခင်ဗျား-

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် (၃၂)လမ်း (၅၈)လမ်းနှင့် (၅၉) လမ်းကြား ရွှေယဉ်မွန်ရပ်ကွက်တွင် စည်ပင်သာယာမှ ရေပိုက်လိုင်းများကို လွန်ခဲ့သော ၃ နှစ်က သွယ်တန်းပေးခဲ့ပါသည်။ ရေပိုက်လိုင်းသွယ်တန်းပေးပြီးချိန်မှစပြီး ရေမလာ၍ ရေရှားပါးမှုပြဿနာကို ကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါ၍ လိုအပ်သလို ဖြေရှင်း ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရွှေယဉ်မွန်သား

ပြည်တွင်းအားကစားသတင်းများ ပြည်တွင်းအားကစားသတင်းများ ပြည်တွင်းအားကစားသတင်းများ

၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ၌ သရုပ်ပြဖျော်ဖြေရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၁၀

၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်း အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအလံအား လွှဲပြောင်းလက်ခံယူပြီး မြန်မာ့ယဉ်ကျေးမှုအကများဖြင့် ပြန်လည်ဖျော်ဖြေရန်နှင့် ၂၀၁၃ ခုနှစ် နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများ၌ သရုပ်ပြသ ဖျော်ဖြေရန် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် အားကစားဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကျော်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီအလိုက် ကြိုတင်လေ့လာရေးအဖွဲ့များ စေလွှတ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။ **(ဓါတ်ပုံ)** ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းတို့က လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ မြန်မာလူငယ်လက်ရွေးစင်အသင်း ပထမဆွတ်တံဆိပ်ဆုရရှိ

ရန်ကုန် ဇွန် ၁၀

၂၀၁၁ ခုနှစ် မေ ၃၁ ရက်မှ ဇွန် ၄ ရက်အထိ ထိုင်းနိုင်ငံ NAKHON PHANOM ဒေသ၌ ကျင်းပခဲ့သော မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ၌ မြန်မာလူငယ် လက်ရွေးစင် အမျိုးသားဘော်လီဘော အသင်းက ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ယှဉ်ပြိုင်

ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲတွင် မြန်မာ၊ ထိုင်းနှင့် လာအို အမျိုးသား ဘော်လီဘောအသင်းများ အမှတ်ပေး ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက နှစ်ပွဲနိုင်ပြီး ပထမ၊ ထိုင်းအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ဒုတိယရရှိခဲ့သည်။

ဆွတ်ခူး

နောက်ဆုံးဗိုလ်လုပွဲတွင် မြန်မာလူငယ် လက်ရွေးစင်အသင်းက ထိုင်းလူငယ် လက်ရွေးစင်အသင်းကို သုံးပွဲ၊ တစ်ပွဲဖြင့် နိုင်ပြီး ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း (၁၀)ကြိမ်မြောက် အာရှဘီလိယက်ပြိုင်ပွဲတွင် တတိယဆုရရှိသော ကျော်ဦးအား ဆုကြေးငွေချီးမြှင့်စဉ်။ (ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်)

(၁၀)ကြိမ်မြောက် အာရှဘီလိယက်ပြိုင်ပွဲများ၌ ဆုရရှိကြသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇွန် ၁၀

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် (၁၀)ကြိမ်မြောက် အာရှဘီလိယက်ပြိုင်ပွဲများ၌ ဆုရရှိကြသော မြန်မာ့လက်ရွေးစင် အားကစားသမားများအား မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်က ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်းရှိ မြန်မာနိုင်ငံဘီလိယက်နှင့် စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဘီလိယက်နှင့်စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမင်းနိုင်နှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ် အမှုဆောင် ဦးဝင်းမြင့်မြတ်နှင့် ဦးမောင်သန်းတို့က (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဘီလိယက်ပြိုင်ပွဲတွင် ဒုတိယဆုရ နေသွေးဦးနှင့် တတိယဆုရ ကျော်ဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက (၁၀)ကြိမ်မြောက် အာရှဘီလိယက်ပြိုင်ပွဲတွင် တတိယဆုရ ကျော်ဦးအား ဆုကြေးငွေကျပ် ၁၀သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ၌ ပထမ ရွှေတံဆိပ်ဆုရရှိသော မြန်မာလူငယ် အမျိုးသား လက် ရွေး စင် ဘော်လီဘောအသင်းအား ရွှေတံဆိပ်ဆုနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌တွေ့ရစဉ်။ (ဘော်လီဘောအဖွဲ့ချုပ်)

အင်တာနေရှင်နယ်အိုးပင်း စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၀

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့မှ ပူးပေါင်းကျင်းပသည့် အင်တာနေရှင်နယ်အိုးပင်း စစ်တုရင်ပြိုင်ပွဲကို ဇူလိုင် ၅ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမဆု အမေရိကန်ဒေါ်လာ ၃၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး စုစုပေါင်း ဆုကြေးငွေမှာ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ဖြစ်သည်။

နိုင်ငံတကာမှ စစ်တုရင်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြည်တွင်းအားကစားသမားများအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အကောင်းဆုံး အမျိုးသမီး အားကစားသမားဆုနှင့် အကောင်းဆုံး လူငယ်အားကစားသမားဆုများကိုလည်း သီးသန့်ချီးမြှင့်သွားမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ရုံးခန်းတွင် ဇွန် ၃၀ ရက် နောက်ဆုံးထား၍ ဓာတ်ပုံ နှစ်ပုံနှင့်အတူ ပြိုင်ပွဲဝင်ပုံစံများ ဖြည့်စွက် စာရင်းပေးသွင်းရမည် ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၃၇၅၅၇၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတကာအားကစားသတင်းများ နိုင်ငံတကာအားကစားသတင်းများ

ကလိုဆေး လာဇီယိုနှင့် နှစ်နှစ်စာချုပ်ချုပ်ဆို

ရောမ ဇွန် ၁၀

ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ ဂျာမနီလက်ရွေးစင် တိုက်စစ်မှူး ကလိုဆေးသည် အီတလီ စီးရီးအေကလပ် လာဇီယိုနှင့် နှစ်နှစ် သက်တမ်းရှိ စာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်သည်။

ကလိုဆေးသည် ယူရိုပါလိဂ် ဝင်ခွင့်ရရှိထားသည့် လာဇီယိုသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ဝါရင့် ဂျာမန် တိုက်စစ်မှူးဖြစ်သည့် ကလိုဆေးက လာဇီယိုတွင် ဇရက်တီ၊ ခရစ္စတီယန်လီဒက်စ်မာ၊ အန်ဒရီဗိုင်းရက်စ်တို့နှင့် တွဲကစားရမည်ကို ကျေနပ်မိကြောင်း၊ လာဇီယိုအသင်း၏ ပတ်ဝန်းကျင်တွင် ပျော်ရွှင်စရာများ ပြည့်နှက်နေကြောင်း ပြောကြားခဲ့သည်။



လာဇီယိုအသင်းနှင့် နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့သည့် ဘိုင်ယန်မြူးနစ်မှ ဂျာမန်သား ကလိုဆေး။

လာဇီယိုသို့ ရောက်ရှိခဲ့ပြီဖြစ်သည့် အဆိုပါ အသက်(၃၃)နှစ်ရှိ ဂျာမန်သားသည် အီတလီစီးရီးအေတွင် ခြေစွမ်းပြနိုင်ရေး ကြိုးပမ်းရတော့မည်ဖြစ်သည်။ ***ESPN*။**

မက္ကဆီကို ကစားသမားငါးဦး တားမြစ်ဆေးသုံးစွဲမှုကြောင့် ကွန်ကာကပ်ဖ်ရွှေဖလားပြိုင်ပွဲမှ ထုတ်ပယ်ခြင်းခံရ

မက္ကဆီကိုစီးတီး ဇွန် ၁၀

ဇွန် ၅ ရက်မှ ၂၅ ရက်အထိ အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် ကွန်ကာကပ်ဖ် ရွှေဖလားပြိုင်ပွဲတွင် မက္ကဆီကိုအသင်းမှ ကစားသမားငါးဦးသည် တားမြစ်ဆေးသုံးစွဲခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့၍ ပြိုင်ပွဲမှထုတ်ပယ်ခြင်းခံလိုက်ရပြီဖြစ်သည်။

ထိုကစားသမားများမှာ ဂိုးသမား ဂူလ်လာမိုအိုချိုအာ၊ နောက်ခံလူများဖြစ်သည့် ဖရန်စစ္စကို ရိုဒရီဂွက်ဇ်နှင့် အင်္ဂါဒူးနစ်၊ ကွင်းလယ်ကစားသမားများဖြစ်သည့် အန်တိုနီရိုနယ်လ်ဆင်နှင့် ခရစ္စတီယန် ဘာမူဒက်ဇ်တို့ပင်ဖြစ်သည်။ အဆိုပါ ကစားသမားများသည် ကာလမည်မျှကြာအောင် ပွဲပယ်ခံရမည်ကိုမူ မသိရှိရသေးပေ။

မက္ကဆီကိုအသင်းသည် ကွန်ကာကပ်ဖ် ရွှေဖလားပြိုင်ပွဲ အုပ်စု(A)တွင် ကော့စတာရီကာ၊ အယ်လ်ဆာဗေးဒိုး၊ ကျူးဘားတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေကာ နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲလုံး ငါးဂိုးစီသွင်းကာ အနိုင်ရထားသည်။ ထို့ကြောင့် မက္ကဆီကိုအသင်းမှာ အုပ်စုကို ကျော်ဖြတ်နိုင်ရန် အကောင်းဆုံး အနေအထားတွင်ရှိနေပြီဖြစ်သည်။ ***The Sun*။**

ဟန်သစ်

ရန်ကုန်တိုင်းဒေသကြီး အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်၊ မယ်ရွေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၀

၂၀၁၁ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် ကာယဗလမောင်နှင့် ကာယအလှမယ်ရွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်နှင့် ကာယအလှ ဆပ်ကော်မတီမှ ကြီးမှူး၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ဇွန် ၁၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အမျိုးသား ၅၅ ကီလို၊ ၆၀ ကီလို၊ ၆၅ ကီလို၊ ၇၀ ကီလိုနှင့် ၇၀ ကီလိုအထက်တန်းဟူ၍ ပါဝင်မည်ဖြစ်သည်။ အမျိုးသမီး ပြိုင်ပွဲတွင် ၅ ပေ ၃ လက်မအောက် နှင့် ၅ ပေ ၃ လက်မအထက် အငယ်တန်း၊ အကြီးတန်း၊ လူသစ်တန်းဟူ၍ ပါဝင်မည်ဖြစ်သည်။

စုံစမ်းနိုင်

ပြိုင်ပွဲဝင်များ ဆေးစစ်ခြင်းနှင့် အတန်းခွဲခြားခြင်းကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း အထူးတန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပနိုင်ရန်အတွက် IBTC Co.,Ltd.၊ Krislitc လျှပ်စစ်မီးဆိုင်းအလှပြင်လုပ်ငန်းနှင့် KTM သောက်ရေသန့်လုပ်ငန်းတို့မှ ပံ့ပိုးကူညီခြင်းဖြစ်၍ ပြိုင်ပွဲဝင်လိုသူများသည် တွဲဖက်အတွင်းရေးမှူး ဦးထွန်းလင်း ဖုန်း-၀၉-၅၀၇၀၈၀၀ သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

- တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့သဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - **ရန်တိုက်ပေးနေသည်။**
- ☆ RFA, DVB - **သွေးထိုးနေသည်။**
- ☆ **ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇွန် ၁၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါ ညစာစားပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ **စာမျက်နှာ ၄ ကော်လံ ၅ သို့**

တက်ရောက်ချီးမြှင့်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်လျက်ရှိ

နေပြည်တော် ဇွန် ၁၀

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်ခြင်း ရှိ၊ မရှိကို စောင့်ကြည့်လျက်ရှိသည်။

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။(သတင်းစဉ်)